# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်နေ့ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၄ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၅)၊ အမှတ်(၀၆၅)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၇) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးစဉ်။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်

## စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၇) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် ဒီဇင်ဘာ ၃

**စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၇) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြိုင်ကြိုင်လှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးများ၊ မြန်မာနိုင်ငံဆိုင်ရာနိုင်ငံခြားစစ်သံရုံးများမှစစ်သံမှူးများ၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး၊ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်း ဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး ကျောင်းဆင်း ဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးသည်။ ထို့နောက် ဗိုလ်လောင်းတပ်ခွဲများက နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆

## ယနေ့ ဖတ်စရာ


**မလေးရှားနှင့် ထိုင်းနိုင်ငံတောင်ပိုင်းတို့ကို ရေကြီးမှုဖြစ်စေခဲ့သော အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း "SENYAR" ၏ လမ်းကြောင်းဆိုင်ရာ လေ့လာတွေ့ရှိချက်များနှင့် ရုပဗေဒအကြောင်းရင်းများ** ဆောင်းပါး စာ ၁၂

**တပ်မတော် ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော် နယ်လှည့်အထူးကုဆေးအဖွဲ့ ကိုကိုးကျွန်းမြို့ နယ်အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းကျန်းမာရေးပညာပေးဟောပြော၊ ကျန်းမာရေးစစ်ဆေး** ပြည်တွင်းသတင်း စာ ၁၇





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား ဗိုလ်လောင်းတပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြစဉ်။

◆ *ရွှေဖုံးမှ*

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၇) မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၃၆၂၅၉ ဗိုလ်လောင်း မြတ်သီဟ၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၃၆၂၂၄ ဗိုလ်လောင်း ဟိန်းဝေလင်း၊ စာပေထူးချွန်ဆု(ဝိဇ္ဇာ) ရရှိသူ ဗိုလ်လောင်းအမှတ် ၃၆၂၂၅ ဗိုလ်လောင်း တင့်အောင်ထူး၊ စာပေထူးချွန်ဆု (သိပ္ပံ) ရရှိသူ ဗိုလ်လောင်း အမှတ် ၃၆၂၇၀ ဗိုလ်လောင်း ဟိန်းထက်နိုင်၊ စာပေထူးချွန်ဆု(ကွန်ပျူတာ)ရရှိသူ ဗိုလ်လောင်းအမှတ် ၃၆၂၁၄ ဗိုလ်လောင်း ထက်ဝေယံအောင်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က သင်တန်းဆင်းမိန့်ခွန်းပြောကြားသည်။ **(နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းကို စာမျက်နှာ - ၄ တွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် စစ်တက္ကသိုလ်ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းငါးဦးနှင့် ၎င်းတို့၏ မိဘဆွေမျိုးများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၇)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်း မြတ်သီဟအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၇)မှ စာပေထူးချွန်ဆု (သိပ္ပံ) ရရှိသူ ဗိုလ်လောင်း ဟိန်းထက်နိုင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၇)မှ စာပေထူးချွန်ဆု(ကွန်ပျူတာ) ရရှိသူ ဗိုလ်လောင်း ထက်ဝေယံအောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။





စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၇) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား တွေ့ရစဉ်။





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၇) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၇) သင်တန်းဆင်းပွဲအခမ်းအနားတွင် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ပြောကြားသည့်မိန့်ခွန်း

**ရဲဘော်တို့**

ဒီနေ့ဟာ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၇)ရဲ့ သင်တန်းဆင်းတဲ့နေ့ဖြစ်သလို အမိစစ်တက္ကသိုလ်မှာ စာပေပညာ၊ စစ်ပညာတွေကို သင်ကြားတတ်မြောက်ခဲ့ပြီးဖြစ်လို့ ရဲဘော်တို့ကို တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ရင်း၊ တပ်ဖွဲ့ အသီးသီးမှာ ခေါင်းဆောင်ငယ်တွေအဖြစ် တပ်မတော်က စတင်တာဝန်ပေးအပ်တဲ့ နေ့လည်း ဖြစ်တယ်။ ဒါကြောင့် ဒီနေ့ဟာ ရဲဘော်တို့အတွက် ဘဝမှတ်တိုင်သစ် စိုက်ထူနိုင်တဲ့ နေ့ဖြစ်တဲ့အပြင် နိုင်ငံတော်နဲ့ တပ်မတော်အတွက်လည်း ခွန်အားသစ်တွေ တိုးပွားတဲ့ နေ့ထူးနေ့မြတ်ဖြစ်ကြောင်း ဂုဏ်ယူဝမ်းမြောက်စွာ ပြောကြားလိုတယ်။

**ရဲဘော်တို့**

အမိစစ်တက္ကသိုလ်ကြီးကနေ **“တပ်မတော် (ကြည်း၊ ရေ၊ လေ)အတွက် လိုအပ်သော လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် အရာရှိကောင်းများ မွေးထုတ်ပေးရန်”** ဆိုတဲ့ ရည်ရွယ်ချက်နဲ့အညီ ရဲဘော်တို့ကို တပ်မတော်ရဲ့ခေါင်းဆောင်ငယ်များ အဖြစ် မွေးထုတ်ပေးခဲ့ပြီးဖြစ်တယ်။ ဒီလိုကောင်းမွန်တဲ့ ရည်ရွယ်ချက်တွေနဲ့ မွေးဖွားလာတဲ့ ရဲဘော်တို့ဟာ တာဝန်ကျရာ တပ်အသီးသီးမှာ ပေးအပ်လာတဲ့ တာဝန်တွေကို ကျေပွန်စွာထမ်းဆောင်ရင်း **“သစ္စာ၊ သူရ၊ သိပ္ပ”** အရာမှာ စံတင်ဂုဏ်ပြုထိုက်သူများ ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းမှာကြားလိုတယ်။

> ☆ **နိုင်ငံတစ်နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှု၊ ဆုတ်ယုတ်မှုတို့ဟာ အဲဒီနိုင်ငံမှာ မှီတင်းနေထိုင်ကြတဲ့ နိုင်ငံသားတွေရဲ့ ကြိုးစားအားထုတ်မှု၊ စည်းကမ်းလိုက်နာမှုနဲ့လည်း အများကြီးသက်ဆိုင်**
>
> ☆ **တပ်မတော်အနေနဲ့လည်း ယနေ့အချိန်အထိ မယိမ်းမယိုင် ရပ်တည်နိုင်ခြင်းဟာ ခေတ်အဆက်ဆက် တပ်မတော်သားတွေရဲ့ စည်းကမ်းလိုက်နာမှုနဲ့ အမိန့်နာခံတတ်မှုတို့ကြောင့်ပဲဖြစ်**
>
> ☆ **တပ်မတော်ရဲ့ အစဉ်အလာကောင်းတွေကို လက်ဆင့်ကမ်းထိန်းသိမ်းကြရမယ့် ရဲဘော်တို့ဟာ စည်းကမ်းအရာမှာ စံနမူနာပြ လိုက်နာကြဖို့လို**

**ရဲဘော်တို့**

တပ်မတော်ရဲ့ အဓိကလုပ်ငန်းကြီး ၃ ခုကို စတင်ထမ်းဆောင်ကြရတော့မယ့် ရဲဘော်တို့ဟာ ခေါင်းဆောင်မှုပညာရပ်ကိုလည်း နားလည်တတ်ကျွမ်းထားဖို့လိုအပ်တယ်။ **ခေါင်းဆောင်မှုဆိုတာ မွေးရာပါ အရည်အချင်းမဟုတ်ဘဲ ကိုယ်တိုင်လေ့လာ၊ ကျင့်ကြံ၊ ကြိုးစားအားထုတ်ပြီး ရယူရတာဖြစ်**လို့ ရဲဘော်တို့အနေနဲ့ တပ်မတော်မှာ ပြဋ္ဌာန်းထားတဲ့ ခေါင်းဆောင်မှုအင်္ဂါရပ်(၁၆)ရပ်နဲ့ ကိုက်ညီအောင် ကိုယ်တိုင်ကြိုးစား လုပ်ဆောင်သွားကြရမှာ ဖြစ်တယ်။ အထူးသဖြင့် ခေါင်းဆောင်လုပ်သူဟာ လက်အောက်ငယ်သားတွေရဲ့ စိတ်ဓာတ်နဲ့ စွမ်းရည်ကို စနစ်တကျစုစည်းပြီး ပေးအပ်လာတဲ့ ရည်မှန်းချက်တာဝန်တွေကို အောင်မြင်အောင် ထမ်းဆောင်ကြရမှာ ဖြစ်တာကြောင့် ရဲဘော်တို့အနေနဲ့ မိမိခေါင်းဆောင်ရတဲ့အဖွဲ့အစည်းကို အမြဲစည်းလုံး ညီညွတ်မှုရှိနေအောင် ဆောင်ရွက်ကြရမှာ ဖြစ်တယ်။

အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ တပ်ဖွဲ့ဝင်တစ်ဦးချင်းစီရဲ့ စိတ်နေသဘောထား၊ လုပ်ဆောင်နိုင်စွမ်းများနဲ့ အားနည်းချက်/အားသာချက်များကို သိရှိအောင်လေ့လာပြီး လူမှန်/နေရာမှန် တာဝန်ပေးအပ်နိုင်ရေး ကြိုးပမ်းလုပ်ဆောင်ရမှာဖြစ်သလို လက်အောက်ငယ်သားတွေကို ကျောသားရင်သား မခွဲခြားဘဲ ညီညွတ်မျှတစွာ ကွပ်ကဲအုပ်ချုပ်သွားရမှာလည်းဖြစ်တယ်။ ဒါ့အပြင် လက်အောက်ကို မှန်ကန်တဲ့ ခေါင်းဆောင်မှုပေးနိုင်ဖို့ဆိုရင် ရဲဘော်တို့မှာ တည်ကြည်ရိုးသားမှုနဲ့ ဖြောင့်မတ်မှန်ကန်တဲ့ ကိုယ်ကျင့်တရားရှိဖို့လည်း လိုအပ်တယ်။

**မည်သည့်လုပ်ငန်းတာဝန်မဆို ရိုးသားတဲ့စိတ်ကိုအခြေခံပြီး မှန်ကန်စွာ လုပ်ဆောင်မှသာ အောင်မြင်မှုရရှိနိုင်မှာဖြစ်**တယ်။ မရိုးဖြောင့်တဲ့ စိတ်နဲ့လုပ်တဲ့ လုပ်ငန်းတိုင်းဟာ အောင်မြင်မှုမရနိုင်တဲ့အပြင် ရှက်ဖွယ်ကောင်းတဲ့ လုပ်ရပ်များသာဖြစ်ပြီး ရဲဘော်တို့ရဲ့ ခေါင်းဆောင်မှုကိုလည်း ကျဆင်းစေမှာဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့အနေနဲ့ နိုင်ငံတော်အပေါ်၊ တပ်မတော်၊ တပ်ရင်း/တပ်ဖွဲ့နဲ့ လုပ်ဖော်ကိုင်ဖက်တွေအပေါ်မှာ ရိုးသားဖြောင့်မတ်စွာ တာဝန်ထမ်းဆောင်ပြီး အခက်အခဲအကျပ်အတည်းနဲ့ ရင်ဆိုင်ကြုံတွေ့ရချိန်တိုင်းမှာ မှတ်ကျောက်အတင်ခံနိုင်တဲ့ ခေါင်းဆောင်ကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းမှာကြားလိုတယ်။

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၃ မှ*

ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ထူးချွန်ဆုရသူများအနေဖြင့် သင်တန်းတက်ရောက်ရသည့် လေးနှစ်တာကာလတစ်လျှောက်လုံး စာပေကဏ္ဍ၊ လေ့ကျင့်ရေးကဏ္ဍတို့တွင် စဉ်ဆက်မပြတ် ကြိုးစားအားထုတ်ခဲ့မှု၊ စည်းကမ်းကောင်းမွန်မှုတို့ကြောင့် ယခုကဲ့သို့ ထူးချွန်ဆုများရရှိခဲ့ကြခြင်းဖြစ်သဖြင့် ချီးကျူးအသိအမှတ်ပြုကြောင်းနှင့် မိဘဆွေမျိုးများနှင့် ထပ်တူဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ဆက်လက်လျှောက်လှမ်းရမည့် ဘဝခရီးတစ်လျှောက်လုံးတွင်လည်း စဉ်ဆက်မပြတ်သည့် ကြိုးစားအားထုတ်မှုများဖြင့် မိမိတို့ဘဝ တိုးတက်မှုရှိစေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယခုကဲ့သို့ ထူးချွန်ထက်မြက်သူများဖြစ်လာစေရေး ငယ်စဉ်ကတည်းက ကျွေးမွေးပြုစုပျိုးထောင်ပေးခဲ့သည့် မိဘများ၏ ကျေးဇူးများ၊ အသိပညာများရရှိစေရေး သင်ကြားပေးခဲ့သည့် ဆရာဆရာမများ၏ ကျေးဇူးများကို သိတတ်ရန်နှင့် ကျေးဇူးဆပ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့အတူ ဗိုလ်လောင်းသင်တန်း လေးနှစ်တာကာလအတွင်း တပ်မတော်၏ ခေါင်းဆောင်ငယ်များ ဖြစ်လာစေရေး လေ့ကျင့်မွေးထုတ်ပေးခဲ့သည့် တပ်မတော်နှင့် အမိစစ်တက္ကသိုလ်၏ ကျေးဇူးကိုလည်း မမေ့ရန်လိုကြောင်း၊ မိဘများ၏စကားကို နားထောင်ခြင်း၊ မိဘကို စိတ်ချမ်းသာအောင်ထားရှိခြင်း၊ မိမိတတ်နိုင်သရွေ့ ကျွေးမွေးစောင့်ရှောက်ခြင်းတို့သည် မိဘကျေးဇူးကို ဆပ်ခြင်းပင်ဖြစ်သကဲ့သို့ မိမိကိုယ်ကို ထိန်းသိမ်းနေထိုင်ခြင်း၊ စစ်သားကောင်းတစ်ယောက်ပီသစွာ နေထိုင်ကျင့်ကြံခြင်းအားဖြင့်လည်း နိုင်ငံတော်နှင့် တပ်မတော်၏ဂုဏ်ကို မြှင့်တင်ရမည်ဖြစ်ကြောင်း။

**နိုင်ငံတော်နှင့်တပ်မတော်က အားထားရသူများဖြစ်အောင် ဆက်လက်ကြိုးပမ်း**

တပ်မတော်၌ တာဝန်ထမ်းဆောင်စဉ် ဆက်လက်တက်ရောက်ရမည့် သင်တန်းအဆင့်ဆင့်၌လည်း အမှန်တကယ်တတ်မြောက်အောင် သင်ယူအားထုတ်၍ ဘဝတက်လမ်းတစ်လျှောက် အထောက်အပံ့ကောင်းများရရှိအောင် ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ယနေ့ခေတ်သည် နည်းပညာများ စဉ်ဆက်မပြတ် ပြောင်းလဲတိုးတက်နေသည့်အတွက် မိမိတို့ဘဝတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမည့် အသိပညာ၊ အတတ်ပညာများကို စဉ်ဆက်မပြတ်ဖတ်မှတ်လေ့လာခြင်းဖြင့် ဆက်လက်ဆည်းပူးလေ့လာပြီး နိုင်ငံတော်နှင့် တပ်မတော်က အားထားရပြီး လက်အောက်က အားကိုးရသူများဖြစ်အောင် ဆက်လက်ကြိုးပမ်းသွားကြစေလိုကြောင်း။

မိမိတို့အတွက် အကျိုးမဖြစ်စေမည့် အသောက်အစား၊ အပျော်အပါးများကိုလည်း မိမိကိုယ်တိုင် ရှောင်ကြဉ်ကြရန်လိုသကဲ့သို့ မိမိလက်အောက်ငယ်သားများကို ထိန်းသိမ်းကြရန်လိုကြောင်း၊ မိမိကိုယ်ကို တန်ဖိုးထားရန်၊ မိမိလက်အောက်ကို တန်ဖိုးထားရန် နှင့် မဖြစ်သင့်မဖြစ်ထိုက်သည်များကို မဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ မိမိကိုယ်ကို၊ မိမိအဖွဲ့အစည်းနှင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိ၍ ပေးအပ်သည့် တာဝန်များကို အောင်မြင်ကျေပွန်စွာ ထမ်းဆောင်သွားကြရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းသည် နိုင်ငံတော်နှင့် တပ်မတော်အကျိုးကို ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၄ မှ*

**ရဲဘော်တို့**

**နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ ဆုတ်ယုတ်မှုတို့ဟာ အဲဒီနိုင်ငံမှာ မှီတင်းနေထိုင်ကြတဲ့ နိုင်ငံသားတွေရဲ့ ကြိုးစားအားထုတ်မှု၊ စည်းကမ်းလိုက်နာမှုနဲ့လည်း အများကြီးသက်ဆိုင်**တယ်။ အလားတူပဲ အဖွဲ့အစည်းတစ်ခုရဲ့ အောင်မြင်မှု၊ ကျရှုံးမှုတို့ဟာလည်း အဲဒီအဖွဲ့အစည်းအတွင်းမှာ ပါဝင်ဆောင်ရွက်နေသူတွေရဲ့ ကြိုးစားအားထုတ်မှု၊ စည်းကမ်းလိုက်နာမှုအပေါ်မှာ များစွာမူတည်နေတာ တွေ့ရတယ်။ ဒို့တပ်မတော်အနေနဲ့လည်း ယနေ့အချိန်အထိ မယိမ်းမယိုင် ရပ်တည်နိုင်ခြင်းဟာ ခေတ်အဆက်ဆက် တပ်မတော်သားတွေရဲ့ စည်းကမ်းလိုက်နာမှုနဲ့ အမိန့်နာခံတတ်မှုတို့ကြောင့်ပဲဖြစ်တယ်။ ဒါကြောင့် ဒို့တပ်မတော်ရဲ့ အစဉ်အလာကောင်းတွေကို လက်ဆင့်ကမ်း ထိန်းသိမ်းကြရမယ့် ရဲဘော်တို့ဟာ စည်းကမ်းအရာမှာ စံနမူနာပြ လိုက်နာကြဖို့ လိုအပ်တယ်။

**စည်းကမ်းဆိုရာမှာ အကြမ်းဖျင်းအားဖြင့် တိုက်တွန်းချက် စည်းကမ်း၊ တားမြစ်ချက် စည်းကမ်းဆိုပြီး နှစ်မျိုးရှိ**တယ်။ တိုက်တွန်းချက် စည်းကမ်းဆိုတာကတော့ ရဲဘော်တို့ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်တာကိုလုပ်ကြဖို့ တိုက်တွန်းထားတဲ့ စည်းကမ်းတွေဖြစ်ပြီး တားမြစ်ချက် စည်းကမ်းဆိုတာကတော့ ရဲဘော်တို့ မလုပ်ဆောင်သင့် မလုပ်ဆောင်ထိုက်တာကို မလုပ်ကြဖို့ တားမြစ်ထားတဲ့ စည်းကမ်းတွေပဲဖြစ်တယ်။ အထူးသဖြင့် ဒို့တပ်မတော်မှာ ပြဋ္ဌာန်းထားတဲ့ စစ်သည်တော်ကျင့်ဝတ် (၆၀) ပါးဟာ ရဲဘော်တို့ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်တာကို တိုက်တွန်းထားတဲ့ စည်းကမ်းချက်တွေဖြစ်လို့ ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာလိုက်နာသွားကြရမှာဖြစ်တယ်။ တပ်မတော်အက်ဥပဒေမှာ ပြဋ္ဌာန်းထားပြီးဖြစ်တဲ့ ပြစ်မှု ၄၁ မျိုးနဲ့သက်ဆိုင်တဲ့ ပုဒ်မတွေကတော့ မလုပ်ဆောင်သင့် မလုပ်ဆောင်ထိုက်တာတွေကို တားမြစ်ထားတဲ့ စည်းကမ်းတွေဖြစ်တာကြောင့် ရဲဘော်တို့အနေနဲ့ အထူးရှောင်ကြဉ်သွားကြရမှာ ဖြစ်တယ်။ ဒါ့အပြင် တပ်မတော်သားတွေဖြစ်တဲ့ ရဲဘော်တို့ဟာ တပ်မတော်က ချမှတ်ပြဋ္ဌာန်းထားတဲ့ စစ်မြေပြင်စည်းကမ်းတွေ၊ လုပ်ငန်းခွင်စည်းကမ်းတွေကို လေးစားလိုက်နာကြရမှာဖြစ်သလို နယ်ဘက်ဆိုင်ရာ စည်းကမ်းဥပဒေတွေကိုလည်း လေးစားလိုက်နာသွားကြဖို့ အလေးထားမှာကြားလိုတယ်။

**ရဲဘော်တို့**

လေ့ကျင့်ရေးဆိုတာ **"လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"** ဆိုတဲ့ တပ်မတော်ရဲ့လုပ်ငန်းစဉ်သုံးရပ်မှာ အဓိကကျတဲ့ အခန်းကဏ္ဍက ပါဝင်လျက်ရှိသလို ဒို့တပ်မတော်ရဲ့ မြဲသုံးမြဲနဲ့ တပ်တည်ဆောက်ရေးလုပ်ငန်းကြီး(၄)ရပ်မှာလည်း ပထမဆုံးအချက်အနေနဲ့ ဦးစားပေး ထည့်သွင်းဖော်ပြထားတာကို တွေ့ရှိရမှာပဲ ဖြစ်တယ်။ ရဲဘော်တို့ နေ့စဉ်လုပ်ဆောင်နေရတဲ့၊ လုပ်ဆောင်ဖို့ စည်းကမ်းနဲ့အညီ သတ်မှတ်ထားတဲ့ သမားစဉ်လုပ်ငန်းများကို လိုက်ပါ၊ လိုက်နာလုပ်ဆောင်ခြင်းဟာ တစ်နည်းတစ်ဖုံအားဖြင့် လေ့ကျင့်နေခြင်းပဲဖြစ်တယ်။ တစ်နည်းအားဖြင့်ပြောရရင်ဒို့တပ်မတော်ရဲ့ အရေးကြီးဆုံးလုပ်ငန်းဟာ လေ့ကျင့်ရေးပဲဖြစ်တယ်။ ရဲဘော်တို့အနေနဲ့ မိမိတို့တစ်ဦးချင်းရဲ့ အရည်အသွေးနဲ့ အရည်အချင်းတွေ တိုးတက်စေဖို့သာမက မိမိကွပ်ကဲအုပ်ချုပ်ရတဲ့ တပ်ဖွဲ့ဝင်တွေရဲ့ အရည်အသွေးနဲ့ အရည်အချင်းတွေကိုပါ တိုးတက်နေစေဖို့အတွက် လေ့ကျင့်မှုတွေကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရမှာပဲဖြစ်တယ်။

မိမိကို ပေးအပ်လာတဲ့တာဝန်တွေ ကျေပွန်အောင် ဆောင်ရွက်နိုင်ဖို့အတွက် ကျန်းမာကြံ့ခိုင်နေဖို့လည်း လိုအပ်တယ်။ ဒါကြောင့် နေ့စဉ်ပုံမှန်လုပ်ဆောင်ရမယ့် ကြံ့ခိုင်ရေးလေ့ကျင့်ခန်းတွေကို မှန်မှန်ကန်ကန် လုပ်ဆောင်ကြဖို့လိုသလို ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်တဲ့ အရက်၊ ဆေးလိပ်နဲ့ ကွမ်း သုံးစွဲခြင်းတွေကို ရှောင်ရှားကြဖို့ တိုက်တွန်း မှာကြားလိုတယ်။

**ရဲဘော်တို့**

မျက်မှောက်ခေတ်ကာလရဲ့ တိုးတက်လာတဲ့ နည်းပညာနဲ့ ခေတ်မီစစ်လက်နက်ပစ္စည်းတွေဟာ စစ်မှုရေးရာတွေကို ပြောင်းလဲလာစေပြီး ပထဝီဝင်ကန့်သတ်ချက်တွေကိုပါ ကျော်လွန်လုပ်ဆောင်နိုင်နေပြီဖြစ်တယ်။ ယခင်က လူ/လက်နက်အင်အားနဲ့ သမားရိုးကျ စစ်နည်းဗျူဟာစတာတွေကို အခြေခံခဲ့တဲ့ စစ်မြေပြင်ကနေ ယနေ့ခေတ်မှာတော့ **ဒရုန်းကဲ့သို့ နည်းပညာမြင့် စစ်လက်နက်ပစ္စည်းများ လွှမ်းမိုးလာတဲ့အပြင် ဉာဏ်ရည်တုနည်းပညာ(AI)၊ ဆိုက်ဘာ၊ အာကာသနဲ့ သတင်းအချက်အလက်ကဲ့သို့ စစ်ဆင်မှုနယ်ပယ်များ ပိုမိုကျယ်ပြန့်လာ**တာကိုလည်း တွေ့ရှိရတယ်။ တစ်နည်းအားဖြင့် လေကြောင်းအကဲသာမှု၊ အီလက်ထရောနစ်နည်းပညာသာလွန်မှု၊ လက်နက်ခဲယမ်းများ ခေတ်မီကောင်းမွန်မှုနဲ့ ထိရောက်တိကျမှုတို့ဟာ စစ်ပွဲရဲ့ အနိုင်အရှုံးကို အဓိကအဆုံးအဖြတ်ပေးလျက်ရှိတယ်။ နည်းပညာတိုးတက်လာမှုနဲ့အတူ ပြောင်းလဲကျင့်သုံးလာတဲ့ စစ်နည်းဗျူဟာတွေနဲ့ စစ်လက်နက်ပစ္စည်းတွေကို နားလည်တတ်ကျွမ်းပြီး ကျွမ်းကျင်စွာ အသုံးချနိုင်ဖို့ ပညာရည်မြင့်မားနေဖို့လိုတယ်။

**ခေတ်မီတပ်မတော်တည်ဆောက်ရာမှာ ပညာရည်မြင့်မားရေးဟာ လွန်စွာအရေးကြီး**တာကြောင့် တပ်မတော်အနေနဲ့ အရာရှိ၊ စစ်သည်အားလုံးရဲ့ ပညာရည်မြင့်မားရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိတယ်။

တစ်ဖက်မှာလည်း ရဲဘော်တို့အနေနဲ့ သင်ကြားပေးလိုက်တဲ့ အတတ်ပညာတွေကို လက်တွေ့ဘဝနဲ့ ပေါင်းစပ်ပြီး မိမိကိုယ်ကို အမြဲတိုးတက်နေအောင် လုပ်ဆောင်နေကြရမယ်။ ဗဟုသုတရရှိမယ့် စာပေတွေကို ဖတ်ရှုပြီး အသိဉာဏ်ပညာတွေ ကြွယ်ဝလာအောင် ကြိုးပမ်းအားထုတ်နေဖို့ လိုအပ်တယ်။ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ခွဲခြားသိမြင်နိုင်စွမ်းရှိစေမယ့် အသိပညာနဲ့ အတွေးအမြင်ဆိုင်ရာ စာပေတွေကိုလည်း လေ့လာဖတ်ရှုသွားရမှာ ဖြစ်တယ်။

**အတတ်ပညာက လူတော်ဖြစ်စေနိုင်ပြီး အသိပညာက လူကောင်းဖြစ်စေနိုင်**တာကြောင့် လူတော်လူကောင်းများဖြစ်လာစေဖို့ အတတ်ပညာရော အသိပညာများပါ ကြွယ်ဝလာစေရန် ကြိုးစားလုပ်ဆောင်သွားကြဖို့ မှာကြားလိုတယ်။

**ရဲဘော်တို့**

တပ်မတော်ရဲ့ အဓိကတာဝန်ဟာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်ပြီး ဒီတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ဖို့ဆိုရင် ရဲဘော်တို့မှာ စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်ဆိုတဲ့ စွမ်းရည်သုံးရပ်နဲ့ ပြည့်စုံနေဖို့ လိုအပ်တယ်။ စွမ်းရည်သုံးရပ်နဲ့ ပြည့်စုံနေမှသာလျှင် ပေးအပ်တဲ့ အမိန့်နဲ့ တာဝန်တွေကို ကျေပွန်အောင် ထမ်းဆောင်နိုင်မှာဖြစ်တယ်။ စွမ်းရည်သုံးရပ်လုံးဟာ တစ်ခုနဲ့ တစ်ခု ဆက်စပ်နေပြီး အုပ်ချုပ်ရေးစွမ်းရည် ကောင်းမွန်လာတာနဲ့အမျှ စစ်ရေးစွမ်းရည်တိုးတက်လာနိုင်သလို စည်းရုံးရေးစွမ်းရည်ကိုလည်း ပိုမိုကောင်းမွန်လာစေမှာ ဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့အနေနဲ့ စစ်တက္ကသိုလ်က သင်ကြားပေးလိုက်တဲ့ စာပေပညာ၊ စစ်ပညာတွေကို အခြေခံပြီး စွမ်းရည်သုံးရပ်နဲ့ပြည့်စုံတဲ့ အရာရှိကောင်းတွေဖြစ်အောင် ကြိုးစားလုပ်ဆောင်သွားကြဖို့ တိုက်တွန်းမှာကြားလိုတယ်။

**ရဲဘော်တို့**

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ ဆိုးရွားစွာ **ပြုလုပ်ခဲ့တဲ့ မဲမသမာမှုတွေကြောင့် တပ်မတော်က အမျိုးသားနိုင်ငံရေး တာဝန်တွေကို ထမ်းဆောင်ခဲ့ရ**ချိန်မှာ အကြမ်းဖက် NUG၊ CRPH အဖွဲ့တွေက တပ်မတော်အနေနဲ့ ဒီမိုကရေစီ နောက်ပြန်ဆွဲလုပ်ဆောင်နေသယောင် ဝါဒမှိုင်းတိုက်ပြီး လူငယ်၊ လူရွယ်တွေကို လွဲမှားတဲ့ မျှော်လင့်ချက်တွေနဲ့အတူ အကြမ်းဖက်လက်နက်ကိုင်လမ်းစဉ်ဆီ တွန်းပို့ခဲ့ကြတယ်။ **လက်နက်ကိုင်လမ်းစဉ်တွေကြောင့် မျှော်မှန်းတည်ဆောက်နေတဲ့ ပြည်ထောင်စုကြီးအတွက် လူ့စွမ်းအားအရင်းအမြစ်ဆုံးရှုံးမှုတွေ ဖြစ်ပေါ်ခဲ့**ရတယ်။ ဒီလို လက်နက်ကိုင်လမ်းစဉ်နဲ့ ဖြေရှင်းတဲ့ ကြိုးပမ်းမှုဟာ နှစ်ပေါင်း ၇၀ ကျော်ကြာတဲ့အထိ မည်သည့်ရလဒ်မျှ မထွက်ခဲ့တာကို သင်ခန်းစာယူဖို့လိုသလို ဒီမိုကရေစီနောက်ပြန်ဆွဲခြင်းဟာ လက်နက်ကိုင်လမ်းစဉ်ကြောင့် ဖြစ်တယ်ဆိုတာ အမှန်တိုင်းရှုမြင်ဖို့ အချိန်ကျနေပြီဖြစ်တယ်။ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးကို ရည်မှန်းချက်တူကြရင် **ပြည်ထောင်စုအကျိုးကို ရှေးရှုပြီး PDF အပါအဝင် လက်နက်ကိုင်အဖွဲ့တွေအနေနဲ့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာဖို့ နိုင်ငံတော်က ကြိုဆိုဖိတ်ခေါ်**ထားပြီးဖြစ်ကြောင်း ထည့်သွင်းပြောကြားလိုတယ်။

တစ်ဖက်မှာလည်း ဒီနိုင်ငံရေးဖြစ်စဉ်အကြောင်းတရားတွေကို လက်ညှိုးထိုးပြီး NCA မှာ လက်မှတ်ရေးထိုးခဲ့ကြတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့ဟာ ရှိထားပြီးသား ကတိကဝတ်တွေကို ချိုးဖောက်ပြီး ငြိမ်းချမ်းရေးလမ်းကြောင်းကို သွေဖည်မှုပြုလုပ်ခဲ့ကြတယ်။ ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ ကြုံတွေ့ခဲ့ရတဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေအပေါ် အခြေခံပြီး တပ်မတော်အနေနဲ့ ငြိမ်းချမ်းရေးမူဝါဒ ၆ ချက်ကို ရှင်းလင်းတိကျစွာ ပြဋ္ဌာန်းထားပြီးဖြစ်တယ်။ ငြိမ်းချမ်းရေးဆိုတာ တွေ့ဆုံဆွေးနွေးပြီး အဖြေရှာမှသာ ရရှိနိုင်မှာဖြစ်လို့ **ငြိမ်းချမ်းရေးလုပ်ငန်းတွေကို ဆောင်ရွက်တဲ့အခါဖြစ်ချင်တာတွေကို ပြောဆိုနေမယ့်အစား ဖြစ်သင့်တာတွေကိုပြောဆိုပြီး ဖြစ်နိုင်တာတွေကိုညီညီညွတ်ညွတ် ပူးပေါင်းလုပ်ဆောင်သွားကြရမှာဖြစ်**တယ်။ လက်တွေ့ကျပြီး အောင်မြင်ခိုင်မာတဲ့ ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပြည်သူလူထုရဲ့ ကောင်းကျိုးကို ရှေးရှုဆောင်ရွက်နိုင်မှာဖြစ်ကြောင်း အသိပေးပြောကြားလိုတယ်။

**ရဲဘော်တို့**

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၃၉ မှာ **"နိုင်ငံတော်အား ပြည်တွင်း၊ ပြည်ပအန္တရာယ်များမှ ကာကွယ်ရေးအတွက် တပ်မတော်က ဦးဆောင်ရမည်"** လို့ ပြဋ္ဌာန်းထားတယ်။ ဒို့နိုင်ငံရဲ့ ကာကွယ်ရေးရည်မှန်းချက် တာဝန်ထဲမှာလည်း **"နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတွင် ပြည်ပအမှီအခိုကင်းစွာဖြင့် ပြည်တွင်းအင်အားစုများကို အခြေခံ၍ ပြည်သူတစ်ရပ်လုံးပါဝင်သည့် ခေတ်မီပြည်သူ့ကာကွယ်ရေးစနစ် ကြိုးပမ်းဖော်ဆောင်ရန်"** လို့ ဖော်ပြပါရှိတယ်။ လက်ရှိ ပထဝီနိုင်ငံရေး အခြေအနေနဲ့ ဖြစ်ပျက်နေတဲ့ နိုင်ငံတကာအခြေအနေတွေအပေါ် မူတည်ပြီး ဒို့နိုင်ငံအပါအဝင် နိုင်ငံငယ်တွေရဲ့ ကာကွယ်ရေး၊ လုံခြုံရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟာ ပြည်သူတစ်ရပ်လုံးပါဝင်တဲ့ အင်အားစုများနဲ့ တည်ဆောက်သွားမှသာ ခိုင်မာမှုရှိမှာ ဖြစ်တယ်။ ဒို့နိုင်ငံရဲ့ကာကွယ်ရေး မဟာဗျူဟာ **အနေနဲ့ ပြည်သူများပါဝင်တဲ့ ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ကျင့်သုံးနေတာကြောင့် နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာအပေါ် ထိပါးနှောင့်ယှက်လာတဲ့ ရန်စွယ်မှန်သမျှ တပ်မတော်ကို မဏ္ဍိုင်ပြုထားတဲ့ ပြည်သူတစ်ရပ်လုံးရဲ့ စုပေါင်းအားတွေနဲ့ တွန်းလှန်ချေမှုန်းသွားကြရမှာက နိုင်ငံသားတိုင်းရဲ့ မွေးရာပါ သမိုင်းပေးတာဝန်ပဲဖြစ်**ကြောင်း လေးလေးနက်နက် ပြောကြားလိုတယ်။

**ရဲဘော်တို့**

မကြာမီရက်ပိုင်းအတွင်းမှာပဲ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပတော့မှာဖြစ်တယ်။ ရွေးကောက်ပွဲကျင်းပရာမှာ နိုင်ငံရေးပါတီများ တရားမျှတစွာ ပါဝင်နိုင်ရေးအတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့် နည်းဥပဒေများကို အသစ်ပြင်ဆင်ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်တယ်။ ရွေးကောက်ပွဲနဲ့ သက်ဆိုင်တဲ့ သတင်းအချက်အလက်တွေကိုလည်း နိုင်ငံတော်ကနေ အချိန်နဲ့တစ်ပြေးညီ ဖော်ပြပေးလျက်ရှိတယ်။

ယခုကျင်းပမယ့် ရွေးကောက်ပွဲကြီးမှာ ဥပဒေနဲ့အညီ မဲပေးခွင့်မရှိသူများမှအပ ကျန်ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူအားလုံး လွတ်လပ်စွာ ဆန္ဒမဲပေးကြရမှာဖြစ်တယ်။ မိမိတို့ **ရွေးချယ်မယ့် ရွေးကောက်ခံကိုယ်စားလှယ်များဟာ နိုင်ငံရဲ့အကျိုးကို အမှန်တကယ်ဆောင်ရွက်နိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို အမှန်တကယ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်သူနဲ့ နိုင်ငံကောင်းအောင်ဆောင်ရွက်နိုင်မယ့်သူတွေဖြစ်ဖို့** လိုအပ်တယ်။ ပါတီစုံဒီမိုကရေစီဖြစ်တာနဲ့အညီ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေနဲ့ တရားမျှတစွာ ဝင်ရောက်ယှဉ်ပြိုင်ကြဖို့ အသိပေးပြောကြားလိုတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို လွတ်လပ်ပွင့်လင်းပြီး တရားမျှတတဲ့ရွေးကောက်ပွဲ၊ သိက္ခာရှိတဲ့ ရွေးကောက်ပွဲအဖြစ် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး ဘက်ပေါင်းစုံက ကြိုးပမ်းလုပ်ဆောင်နေချိန်မှာ နိုင်ငံတော်အစိုးရကို ဆန့်ကျင်နေတဲ့ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းအချို့က ရွေးကောက်ပွဲကို အဟန့်အတားဖြစ်စေရေး နည်းလမ်းမျိုးစုံနဲ့ လုပ်ဆောင်နေကြတာကို သတိပြုကြရမှာဖြစ်တယ်။ ရွေးကောက်ပွဲမှာ **ပြည်သူ့ဆန္ဒမဲနဲ့ ရွေးကောက်တင်မြှောက်တဲ့ အစိုးရတစ်ရပ် ဖြစ်ပေါ်လာခဲ့ရင် လက်ရှိနိုင်ငံတော်အစိုးရကို ဆန့်ကျင်နေတဲ့ အဖျက်အမှောင့် အကြမ်းဖက်သမားတွေအနေနဲ့ သူတို့ရှေ့ဆက်ရပ်တည်ဖို့ ခက်ခဲလာနိုင်တာကြောင့် ရွေးကောက်ပွဲကို အနှောင့်အယှက်ဖြစ်အောင် အခုလို လုပ်ဆောင်နေကြခြင်းဖြစ်**တယ်။ ဒါကြောင့် အဲဒီ အဖျက်အမှောင့်သမားတွေရဲ့ လုပ်ဆောင်ချက်တွေကို တားဆီးကာကွယ်ပြီး ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ဖို့အတွက် ရဲဘော်တို့အနေနဲ့ ပြည်သူလူထုနဲ့ လက်တွဲပြီး ကျရာကဏ္ဍအသီးသီးကနေ ကြိုးပမ်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားလိုတယ်။

**ရဲဘော်တို့**

နိဂုံးချုပ်အနေနဲ့ မှာကြားလိုတာကတော့

- တာဝန်ကျရာ တပ်အသီးသီးမှာ ပေးအပ်လာတဲ့ တာဝန်တွေကို ကျေပွန်စွာ ထမ်းဆောင်ရင်း **"သစ္စာ၊ သူရ၊ သိပ္ပ"** အရာမှာ စံတင်ဂုဏ်ပြုထိုက်သူများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြပါ။
- ရဲဘော်တို့အနေနဲ့ ရိုးသားဖြောင့်မတ်စွာ တာဝန်ထမ်းဆောင်ပြီး အခက်အခဲ အကျပ်အတည်းနဲ့ ရင်ဆိုင်ကြုံတွေ့ရချိန်တိုင်းမှာ မှတ်ကျောက်အတင်ခံနိုင်တဲ့ ခေါင်းဆောင်ကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြပါ။
- **"စည်းကမ်းလိုက်နာ ဘေးကင်းကွာ"** ဆိုတဲ့အတိုင်း စည်းကမ်းနဲ့ဥပဒေကို လေးစားလိုက်နာတတ်တဲ့ တပ်မတော်သားကောင်းများဖြစ်အောင် ကြိုးစားနေထိုင်ကြပါ။
- ပြည်တွင်း တည်ငြိမ်အေးချမ်းမှုရှိအောင် တပ်မတော်က ဆောင်ရွက်ပေးလျက်ရှိတဲ့ အခြေအနေမှန်တွေကို တိုင်းရင်းသားပြည်သူအားလုံး သိမြင်လာအောင် ဆောင်ရွက်သွားကြပါလို့ တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်လိုက်တယ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆင်လမ်းရေလှောင်တမံအတွင်း ရေသိုလှောင်ထားရှိမှုအား ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်ဒေသ ရေဖူလုံစွာရရှိရေး ဆောင်ရွက်ထားရှိမှုအား လိုက်လံကြည့်ရှုစစ်ဆေး

## ပြင်ဦးလွင်ဒေသ သောက်သုံးရေဖူလုံစွာရရှိစေရေးအတွက် ဆင်လမ်း(၂)ရေလှောင်တမံ စီမံကိန်းနှင့် ပင်တီးရေလှောင်တမံစီမံကိန်းတို့အား အကောင်အထည်ဖော်ဆောင်ရွက်သွားမည်

**နေပြည်တော် ဒီဇင်ဘာ ၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်ဒေသ ရေဖူလုံစွာရရှိရေး၊ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဆင်လမ်းရေလှောင်တမံသို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ပြင်ဦးလွင်မြို့နယ်အတွင်း ရေဖူလုံမှုရရှိရေးအတွက် ဆောင်ရွက်လျက်ရှိမှုနှင့် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိမှု၊ ၂၀၂၅ ခုနှစ် ဧပြီလအတွင်း နိုင်ငံတော်အကြီးအကဲ လာရောက်စစ်ဆေးစဉ် လမ်းညွှန်ချက်အရ ပြင်ဦးလွင်မြို့၌ သောက်သုံးရေပိုမိုလုံလောက်စွာရရှိရေး ဆင်လမ်းတမံရေပိုလွှဲအား နှစ်ပေမြှင့်တင်ခြင်းဆောင်ရွက်ခဲ့မှု၊ စည်သာရေလှောင်တမံရေပိုလွှဲ သုံးပေမြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့မှု၊ ပြင်ဦးလွင်မြို့ သောက်သုံးရေဖူလုံစွာရရှိရေးနှင့် စိုက်ပျိုးရေလုံလောက်စွာရရှိရေးတို့အတွက် ဆင်လမ်း (၂) ရေလှောင်တမံတည်ဆောက်ခြင်း၊ ပွဲကောက်ရေလွှဲဆည်တည်ဆောက်ခြင်းနှင့် ပင်တီးရေလှောင်တမံတည်ဆောက်ခြင်း စသည့်စီမံကိန်းများကို ဆက်လက်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့် ရရှိလာနိုင်မည့် အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ပြင်ဦးလွင်မြို့ သောက်သုံးရေဖူလုံစွာရရှိရေးနှင့် စိုက်ပျိုးရေ လုံလောက်စွာရရှိရေးတို့အတွက် ဆင်လမ်း(၂)ရေလှောင်တမံနှင့် ပင်တီးရေလှောင်တမံတည်ဆောက်ခြင်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆင်လမ်း(၂) ရေလှောင်တမံစီမံကိန်းသည် ဆင်ဖြူအင်းကျေးရွာအနီး ဆင်ဖြူချောင်းနေရာ၌ဖြစ်ပြီး စီမံကိန်းတည်ဆောက်ပြီးစီးပါက ခန့်မှန်းရေလှောင်ပမာဏ ဧကပေ ၁၂၀၀ ကို သိုလှောင်နိုင်မည်ဖြစ်ကာ ဆင်ဖြူချောင်းမှရေများကို တမံအောက်ဘက်ရှိ ယင်းသာမ ရေလွှဲဆည်မှတစ်ဆင့် ရတနာပုံမြို့သစ်သို့ Gravity Flow System ဖြင့် သောက်သုံးရေပေးဝေနိုင်ခြင်း၊ ရပ်ကွက်ကြီး(၉/၁၆/၁၇/၁၈)များသို့ သောက်သုံးရေ တိုးချဲ့ပေးဝေနိုင်ခြင်းတို့အပြင် ချောင်းဘေးဝဲယာတစ်လျှောက်ရှိ စိုက်ပျိုးမြေဧရိယာများအတွက် စိုက်ပျိုးရေကူ ဖြည့်တင်းပေးနိုင်မည့် အကျိုးကျေးဇူးများရရှိလာမည်ဖြစ်ကြောင်း၊ ပင်တီးရေလှောင်တမံတည်ဆောက်ခြင်းစီမံကိန်းသည် ပင်တီးကျေးရွာအနီး သမြိုက်ချောင်းနေရာ၌ဖြစ်ပြီး စီမံကိန်းတည်ဆောက်ပြီးစီးပါက ခန့်မှန်းရေလှောင်ပမာဏ ဧကပေ ၄၀၀၀ ကို သိုလှောင်နိုင်မည်ဖြစ်ကြောင်း၊ သိုလှောင်ရေများအား Gravity Flow System ဖြင့် သမြိုက်ချောင်း ဘေးဝဲယာ စိုက်ပျိုးမြေဧရိယာ ၁၀၁၅ ဧကများသို့ ရေလွှဲဆည်ခုနစ်ခုမှတစ်ဆင့် တစ်နှစ်ပတ်လုံးစိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်သဖြင့် ဒေသဝမ်းစာဖူလုံရေးအတွက်လည်း များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် မြို့ပြရပ်ကွက်ကြီး (၁၀/၁၁/၁၂)များသို့လည်း ရေတင်စနစ်ဖြင့် သောက်သုံးရေ တိုးချဲ့ပေးဝေနိုင်မည့် အကျိုးကျေးဇူးများစွာကို ရရှိလာစေမည်ဖြစ်ကြောင်း၊ အဆိုပါ ရေလှောင်တမံစီမံကိန်းနှစ်ခု တည်ဆောက်ပြီးစီးပါက ပြင်ဦးလွင်မြို့ သောက်သုံးရေဖူလုံရေးကိုရရှိစေနိုင်မည်ဖြစ်ပြီး အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်မည့် လူဦးရေအတွက်ပါ လုံလောက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် မြို့၏ ဂုဏ်ဒြပ်ဖြစ်သည့် ပန်းမြို့တော်၊ ကော်ဖီမြို့တော် စသည့် စီမံကိန်းများအတွက်လည်း များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ပြီး ဒေသအတွင်း ပိုမိုစိမ်းလန်းစိုပြည်လာမှုနှင့်အတူ ခရီးသွားလုပ်ငန်းများသည်လည်း များစွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကာ ဒေသ၏လူမှုစီးပွားဘဝများသည်လည်း များစွာတိုးတက်လာမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ရေလှောင်တမံများ တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများနှင့် တွက်ချက်ခြင်းလုပ်ငန်းများကို စနစ်တကျဖြင့် ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဆင်လမ်းရေလှောင်တမံအတွင်း ရေသိုလှောင်ထားရှိမှုနှင့် ရေပိုလွှဲနေရာ၌ အဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ယခုကဲ့သို့ ဆင်လမ်းရေလှောင်တမံ ရေပိုလွှဲ နှစ်ပေမြှင့်တင်ခြင်းနှင့် စည်သာရေလှောင်တမံရေပိုလွှဲ သုံးပေမြှင့်တင်ခြင်းများကို ကာလတိုအတွင်း လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ဒေသနှင့် ဒေသခံများ၏ လူမှုအကျိုးစီးပွားကို များစွာအထောက်အကူဖြစ်စေကြောင်း၊ ရေလှောင်တမံများ၏ ရေဝေရေလဲသတ်မှတ်ဧရိယာအကွာအဝေးအတွင်း သစ်တောသစ်ပင်များ ဖုံးလွှမ်းမှုရှိစေရေး၊ သီးနှံများစိုက်ပျိုးမှု မရှိစေရေးတို့အတွက်လည်း စဉ်ဆက်မပြတ် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် ရေအရင်းအမြစ်များကို ထိန်းသိမ်းနိုင်မည်ဖြစ်ပြီး ရေဖူလုံမှုကို ပိုမိုဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဆင်လမ်းရေလှောင်တမံမှ ရပ်ကွက်ကြီး (၁၉) – နမ့်ကပ်ကျေးရွာ–အနီးစခန်း လမ်းကြောင်းအတိုင်း ဒေသဖွံ့ဖြိုးတိုးတက်မှုများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြင်ဦးလွင်မြို့ သန့်ရှင်းသာယာလှပနေစေရေးအတွက် အမြဲမပြတ် ကြပ်မတ်ဆောင်ရွက်သွားရန်နှင့် မြေအသုံးချမှုများ စနစ်တကျဖြစ်စေရေး စိစစ်ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် စည်သာရေလှောင်တမံ ရေပိုလွှဲရောက်ရှိပြီး ရေပိုလွှဲ သုံးပေအမြင့် မြှင့်တင်ဆောင်ရွက်ထားရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စည်သာရေလှောင်တမံနှင့် စည်သာရေကူ ရေလှောင်တမံသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်ခန်းမ၌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ၂၀၁၅ ခုနှစ်မှ ၂၀၂၀ အတွင်း ပြင်ဦးလွင်မြို့နယ်တွင် သစ်တောဖုံးလွှမ်းမှုလျော့ကျရခြင်းနှင့်ပတ်သက်၍ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း၊ RS & GIS နည်းပညာအသုံးပြု၍ Google Earth မြေပုံများ၊ Landsat ဂြိုဟ်တုဓာတ်ပုံများဖြင့် စိစစ်ခြင်းတို့အရ ခုနှစ်အလိုက် စိစစ်တွေ့ရှိမှုများ၊ သစ်တောဖုံးလွှမ်းမှုကျဆင်းသွားသည့်နေရာများအား သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဒေသခံပြည်သူများသို့ အသိပညာပေးဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ သစ်တောဖုံးလွှမ်းမှုကောင်းမွန်သည့်နေရာများအား ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများဖွဲ့စည်းခြင်းတို့ကို အလေးထားဆက်လက်ဆောင်ရွက်လျက်ရှိမှု၊ မြေလွတ်မြေရိုင်းဧရိယာနေရာများအား ကွင်းဆင်းစစ်ဆေး၍ သစ်တောဖုံးလွှမ်းမှုကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ပြင်ဦးလွင်မြို့တော်အား ချယ်ရီမြို့တော်၊ ပန်းမြို့တော်ဖြစ်စေရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထင်းရှူးပင်များကိုလည်း မျက်စိပသာဒဖြစ်စေရေးနှင့် စိမ်းလန်းစိုပြည်မှုကို အထောက်အကူဖြစ်စေရေး စိုက်ပျိုးသွားရန်လိုကြောင်း၊ ပြင်ဦးလွင်ဒေသ စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများကို သက်ဆိုင်ရာအဖွဲ့အစည်းများ၊ အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများက မဖြစ်မနေ ထိန်းသိမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်မှသာလျှင် သဘာဝပတ်ဝန်းကျင်ညီညွတ်မျှတမှုကို ဖြစ်ပေါ်စေမည်ဖြစ်ပြီး ရေအရင်းအမြစ်များကိုလည်း ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့၏ အေးမြသည့် သဘာဝကိုထိန်းသိမ်းနိုင်ရေး မြို့၏မြောက်ဘက်၊ အရှေ့မြောက်ဘက်နှင့် တောင်ဘက်တို့တွင် သစ်ပင်သစ်တောများ စိုက်ပျိုးသွားရန်လိုအပ်ကြောင်း၊ ရွက်ပိတ်တောများ၊ ရွက်အုပ်တောများအတွင်း၌လည်း သစ်တောပညာရပ်များအရ လိုအပ်သည့်

*စာမျက်နှာ ၇ သို့*

# စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၇) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃**

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၇) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် အနော်ရထာတပ်ရင်း ဗိုလ်လောင်းစားရိပ်သာ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါသင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးများ၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး၊ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်း ဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်း အရာရှိများ၊ ညစာစားပွဲတက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့က တေးသီချင်းများ၊ တစ်ခန်းရပ်ပြဇာတ်များဖြင့် သီဆိုတီးမှုတ် ဖျော်ဖြေကြရာ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တက်ရောက်လာကြသူများက ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၇) သင်တန်းဆင်းအရာရှိများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

---

*စာမျက်နှာ ၆ မှ*

ထိန်းသိမ်းစောင့်ရှောက်ခြင်းများကို ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း။

မြို့နေလူဦးရေတိုးပွားလာသည်နှင့်အမျှ သောက်သုံးရေနှင့် စိုက်ပျိုးရေ လိုအပ်ချက်များသည်လည်း မြင့်မားလာမည်ဖြစ်ကြောင်း၊ ထို့ပြင် ဒေသသို့ လာရောက်သည့် ခရီးသွားဧည့်သည်များ၏ သုံးရေများအတွက်ကိုလည်း ထည့်သွင်းစဉ်းစားထားရှိရန်လိုကြောင်း၊ ပြင်ဦးလွင်ဒေသ ရေဖူလုံစွာရရှိရေးအတွက် ရေလှောင်တမံများ အဆင့်မြှင့်တင်ခြင်း၊ သစ်တောသစ်ပင်ဖုံးလွှမ်းမှု ဖော်ဆောင်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်မှ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်ကို စံပြအဖြစ် ဆောင်ရွက်နေခြင်းဖြစ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံရှိ မြစ်ချောင်းအင်းအိုင်များ၊ ရေအရင်းအမြစ်များကို စနစ်တကျ အကျိုးရှိရှိ ထိန်းသိမ်းဆောင်ရွက်သွားမည်ဆိုပါက စိမ်းလန်းစိုပြည်မှုကို မဖြစ်မနေဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ယခုဖော်ဆောင်နေသည့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ၏ အကျိုးရလဒ်များကို နောင်အနာဂတ်ပြည်သူလူထုက ခံစားရမည်ဖြစ်သဖြင့် စနစ်တကျဖြင့် အကျိုးရှိအောင် ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စည်သာရေကူရေလှောင်တမံအတွင်း ရေဝင်ရောက်မှုနှင့် သိုလှောင်ထားရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

အဆိုပါ ဆင်လမ်းတမံရေပိုလွှဲနှင့် စည်သာရေလှောင်တမံရေပိုလွှဲအား နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆင်လမ်းတမံရေပိုလွှဲအား နှစ်ပေ မြှင့်တင်ဆောင်ရွက်ခဲ့ခြင်းကြောင့် ယခင်က ကန်ရေပြည့်ရေလှောင်ပမာဏ ၆၈၄၆ ပေရှိခဲ့ရာမှ ယခုအခါ ယခင်ကထက် ရေလှောင်ပမာဏ ၄၁၂ ဧကပေ၊ ရေဂါလန် ၁၁၂ သန်း ပိုမိုသိုလှောင်နိုင်ပြီး အချင်း ၁၈ လက်မရှိ သံမဏိရေထုတ်ပြွန်မှတစ်ဆင့် ပြင်ဦးလွင်မြို့ရှိ လူဦးရေ ၁၅၀၀၀ ခန့်ကို တိုးချဲ့ရေပေးဝေနိုင်မည်ဖြစ်ကြောင်း၊ အလားတူ စည်သာရေလှောင်တမံရေပိုလွှဲအား သုံးပေမြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့မှုကြောင့် ယခင် ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၃၃၇၀ ရှိခဲ့ရာမှ ယခုအခါ ယခင်ကထက် ရေလှောင်ပမာဏ ၂၆၇ ဧကပေ၊ ရေဂါလန် ၇၂ သန်းခန့် ပိုမိုသိုလှောင်နိုင်မှုကြောင့် လူဦးရေ ၁၀၀၀၀ ခန့်ကို တိုးချဲ့ရေပေးဝေနိုင်သဖြင့် ပြင်ဦးလွင်ဒေသ ရေလုံလောက်စွာရရှိရေးအတွက် များစွာအကျိုးကျေးဇူးပြုနိုင်မည်ဖြစ်သည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အနီးစခန်း လေဆိပ်သို့ရောက်ရှိကြရာ လေဆိပ်ရှင်းလင်းဆောင်ခန်းမတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် တာဝန်ရှိသူများက လေဆိပ်လေယာဉ်ရပ်နားရန် နေရာသစ်တည်ဆောက်ခြင်းလုပ်ငန်းနှင့် လေဆိပ်အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲမှုရှိစေရေး စနစ်တကျတွက်ချက်၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ အနီးစခန်းလေဆိပ်အား အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းသည် ရှမ်းပြည်နယ်အတွင်းသို့ လာရောက်သည့် ခရီးသွားပြည်သူများအား အဓိကပို့ဆောင်ပေးသည့် နေရာဖြစ်စေရေးနှင့် ပြင်ဦးလွင်မြို့သည် ခရီးသွားမြို့တော်ဖြစ်သည့်အတွက် လာရောက်လည်ပတ်သူများ အဆင်ပြေချောမွေ့စွာဖြင့် ခရီးသွားလာနိုင်ရေး ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ အလားတူ ပြင်ဦးလွင်ဒေသမှထွက်ရှိသည့် ဒေသထွက်ပစ္စည်းများ၊ အသီးအနှံများအား အခြားဒေသများသို့ ပိုမိုလွယ်ကူလျင်မြန်စွာ ဖြန့်ဝေပို့ဆောင်ပေးနိုင်ရေးအတွက်လည်း ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လေဆိပ်အား အဆင့်မြှင့်တင်ပေးခြင်းနှင့်အတူ ပြင်ဦးလွင်မြို့ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကားလမ်းများအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လမ်းဘေးဝဲယာ၌ လူသွားပလက်ဖောင်းများကိုလည်း အဆင့်မီစွာဖြင့် ထည့်သွင်းဆောင်ရွက်ပေးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---



## ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၇) သင်တန်းဆင်းဗိုလ်လောင်းများအား ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃**

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၇) ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)၊ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ကျောင်းဆင်းဗိုလ်လောင်းများ တက်ရောက်ကြသည်။

အခမ်းအနား အစီအစဉ်အရ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ တပ်မတော်အရာရှိကြီးများနှင့် စစ်တက္ကသိုလ်ကျောင်းအုပ်ကြီးတို့သည် စင်မြင့်ထက်တွင် နေရာယူကြပြီးနောက် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက ကျောင်းဆင်းဗိုလ်လောင်း တစ်ဦးချင်းစီအား ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်သည်။

ပြန်တမ်းဝင် ခန့်အပ်လွှာများ ပေးအပ်ပြီးနောက် စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာနယ်စပ်ဒေသတွေမှာ ရာဇဝတ်ဂိုဏ်းတွေ ဘယ်လိုရောက်လာသလဲ

မင်းသော်

**ယနေ့ကမ္ဘာ့သတင်းတွေမှာ KK Park၊ ရွှေကုက္ကိုလ်၊ မြဝတီနဲ့ လောက်ကိုင်လို့ ပြောလိုက်တာနဲ့ အွန်လိုင်းလိမ်လည်မှုတွေရဲ့ ဗဟိုအချက်အချာဆိုပြီး ဖော်ပြကြတာမျိုး မြင်တွေ့ရပါတယ်။ ဒီမှာ လူတွေအလိမ်အညာခံရတယ်၊ ထိခိုက်ခံစားကြရတယ်လို့ သတင်းတွေကဖော်ပြပြီး တည်နေရာကတော့ မိမိတို့နိုင်ငံ နယ်စပ်ဒေသတွေပေါ့။ ဒါပေမယ့် အရင်းအမြစ်ကို ဖော်ထုတ်ရေးသားတဲ့မီဒီယာအချို့ တွေ့ရပေမယ့် အတော်လေး နည်းပါတယ်။ မြေပြင်အခြေအနေမှန်ကို ထင်ဟပ်နိုင်တာမရှိဘဲ မြန်မာနိုင်ငံက လူဆိုးဂိုဏ်းတွေ တည်ထောင်၊ တစ်ကမ္ဘာလုံးကလူတွေကို ခေါ်၊ ဒုက္ခပေးနှိပ်စက်ညှဉ်းပန်းနေသယောင်ပါပဲ။**

ရာဇဝတ်ဂိုဏ်းကြီးတွေ မြန်မာ့မြေပေါ်မှာ မည်သို့မည်ပုံ အခြေချလာကြသလဲ။ မြန်မာအစိုးရကရော ဘယ်လိုတွေလုပ်ဆောင်နေသလဲ စတဲ့မေးခွန်းတွေကို သူတို့သိစေလို၊ ချင့်ချိန်စေလိုပါတယ်။

အမှန်တရားကတော့ မြန်မာနိုင်ငံဟာ အခုလို ဒုစရိုက်လုပ်ငန်းတွေကို စတင်ခဲ့တာ၊ ပံ့ပိုးပေးတာနဲ့ ခွင့်ပြုခဲ့တာ လုံး၀(လုံး၀)မရှိတဲ့ နိုင်ငံဖြစ်ပါတယ်။ ဒါဖြင့် လက်ရှိမှိုလို ပေါက်လာခဲ့တဲ့ ဒုစရိုက်မှုအားလုံးက ဘယ်ကလာသလဲဆိုရင် ပြည်ပအခြေစိုက် ရာဇဝတ်အုပ်စုတွေရဲ့ စီမံခန့်ခွဲမှုအောက်မှာရှိပြီး သူတို့ဟာ မငြိမ်းချမ်းတဲ့ မြန်မာနယ်စပ်ဒေသတွေကို ဦးတည်၊ မြန်မာ့ပိုင်နက်နယ်မြေတွေကို အလွဲသုံးစားလုပ်ပြီး အိမ်နီးချင်းနိုင်ငံတွေနဲ့ နိုင်ငံတကာအပေါ်မှာ ရာဇဝတ်မှုတွေ ကျူးလွန်နေတာပဲဖြစ်ပါတယ်။

### မငြိမ်းချမ်းတဲ့ နယ်မြေဖန်တီး၊ ဒုစရိုက်မှုတွေ လုပ်ဆောင်

အွန်လိုင်းလိမ်လည်မှုလုပ်ငန်းတွေ အများစု ခြေကုပ်ယူရာနေရာတွေကို လေ့လာကြည့်မယ်ဆိုရင် နယ်စပ်ဒေသတွေနဲ့ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့အစည်းတွေ ထိန်းချုပ်ခံထားရတဲ့ ပဋိပက္ခတို့ တည်ရာနေရာတွေမှာ ရှိနေတာကို ထင်ရှားစွာ မြင်တွေ့ရပါတယ်။ ဒီလို နိုင်ငံတကာက ဥပဒေမဲ့နယ်မြေတစ်ခုလို့မြင်လာတဲ့နေရာဟာ KNU လို အကြမ်းဖက်သောင်းကျန်းသူအချို့ရဲ့ ကိုယ်ကျိုးစီးပွားကို မျက်နှာမူပြီး နိုင်ငံခြားရာဇဝတ်ဂိုဏ်းတွေကို ဖိတ်ခေါ်ခွင့်ပြုခဲ့ခြင်းရဲ့ အကျိုးဆက်ပဲဖြစ်ပါတယ်။

ဥပမာအားဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ်လောက်မှာ စတင်အမြစ်တွယ်တဲ့ ရွှေကုက္ကိုလ်၊ ၂၀၂၀ ပြည့်နှစ်မှာ စတင်တဲ့ KK park စတင်ပေါက်ဖွားရာမှာ KNU ခေါင်းဆောင်ပိုင်းအချို့ ပါဝင်ပတ်သက်နေတာကို ထင်ထင်ရှားရှားတွေ့မြင်နိုင်ပါတယ်။ သူတို့ဟာ သူတို့ရဲ့စီးပွားရေးအမြတ်အစွန်းအတွက် နိုင်ငံတော်နဲ့ မြန်မာနိုင်ငံသားတွေရဲ့ ဂုဏ်သိက္ခာကို စတေးပြီး ပြည်ပရာဇဝတ်သားတွေကို သူတို့ရဲ့ဩဇာခံနယ်မြေတွေ မှာ တံခါးဖွင့်ပေးခဲ့တာကြောင့်ပါပဲ။ ဒါကြောင့်ပဲ အခုလိုကြီးမားတဲ့ ဥပဒေမဲ့ ဒုစရိုက်ဇုန်ကြီးတွေဖြစ်လာတဲ့အထိ ကြီးမားလာခဲ့ရခြင်းလို့ ယူဆမိပါတယ်။

### အမျိုးသားရေးတာဝန်အနေနဲ့ စစ်ဆင်ရေးဆင်နွှဲ

ဒီလိုဒုစရိုက်လုပ်ငန်းတွေဟာ နိုင်ငံရဲ့ ဂုဏ်သိက္ခာကို ကြီးမားစွာ ထိခိုက်စေတဲ့အပြင် လူ့အခွင့်အရေးဆိုင်ရာ ပြဿနာများလည်း ဖြစ်ပေါ်စေတယ်ဆိုတာ မြန်မာနိုင်ငံအနေနဲ့ ကောင်းမွန်စွာသဘောပေါက်နားလည်တဲ့အတွက် မြန်မာအစိုးရအနေနဲ့ ဒုစရိုက်ကွန်ရက်တွေကို မြန်မာ့မြေပေါ်ကနေ ပပျောက်စေဖို့ အမျိုးသားရေးတာဝန် တစ်ရပ်အနေနဲ့ စစ်ဆင်ရေးအသွင် အားသွန်ခွန်စိုက်နှိမ်နင်းလျက်ရှိတာကို မြင်တွေ့ရပါတယ်။

အနီးစပ်ဆုံးတင်ပြရရင် ၂၀၂၃ ခုနှစ်နှောင်းပိုင်းကနေစတင်လို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်ဒေသမှာ ဆောင်ရွက်ခဲ့တဲ့ ဆောင်ရွက်မှုတွေကိုကြည့်ရင် သိနိုင်ပါတယ်။ လောက်ကိုင်ဒေသဟာ တရုတ်နိုင်ငံသားတွေကို ပစ်မှတ်ထားတဲ့ အွန်လိုင်းလိမ်လည်မှု (Telecom Fraud) တွေ တွင်ကျယ်နေတဲ့အတွက် မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ရဲ့ခိုင်မာတဲ့ ပူးပေါင်းဆောင်ရွက်မှုကြောင့်ပဲ လိမ်လည်မှုတွေမှာ ဦးဆောင်သူတွေနဲ့ ပါဝင်ဆောင်ရွက်သူတွေကို အချိန်နဲ့တစ်ပြေးညီ ပြန်လည်လွှဲပြောင်းပေးခြင်းတွေကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ပါတယ်။

**လက်ရှိမှာတော့ ကရင်ပြည်နယ် မြဝတီနယ်စပ်မှာရှိတဲ့ KK Park နဲ့ ရွှေကုက္ကိုလ်ဒေသတွေမှာ တပ်မတော်၊ နယ်ခြားစောင့်တပ် (BGF)နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်းစစ်ဆင်ရေးအကြိမ်ပေါင်း ၂၅ကြိမ် ဆင်နွှဲခဲ့ပြီလို့ သိရပါတယ်။ အဲဒီဒေသတွေမှာ ဥပဒေမဲ့လုပ်ရပ်တွေဖြစ်တဲ့ လောင်းကစားနဲ့ လိမ်လည်မှုတွေကျူးလွန်ဖို့ တည်ဆောက်ထားတဲ့ အဆောက်အအုံတွေကို စနစ်တကျဖြိုဖျက်လိုက်ခြင်းဟာ ဒုစရိုက်လုပ်ငန်းတွေရဲ့ အရင်းအမြစ်တွေ မြေလှန်ပစ်လိုက်သလိုမို့ အရင်းအမြစ်တွေ အတော်လေး ခြောက်ခန်းသွားစေခဲ့ပါပြီ**

နိုင်ငံတော်က အလေးထားဆောင်ရွက်မှုတွေကြောင့် နိုင်ငံခြားသားအပါအဝင် လိမ်လည်ခံရသူ ၄၀၀၀ ကျော်ကို ဖော်ထုတ်နိုင်ခဲ့ခြင်းကလည်း နိုင်ငံတကာရာဇဝတ်မှုတွေကို အမှန်တကယ်တိုက်ဖျက်လိုတဲ့ မြန်မာတို့ရဲ့ဆန္ဒမှန်ကို ပြသတာပဲ မဟုတ်ပါလား။

### နိုင်ငံခြားသား ခြောက်သောင်းကျော် လွှဲပြောင်းပေးပြီးဖြစ်

လက်ရှိမှာတော့ ကရင်ပြည်နယ် မြဝတီနယ်စပ်မှာရှိတဲ့ KK Park နဲ့ ရွှေကုက္ကိုလ်ဒေသတွေမှာ တပ်မတော်၊ နယ်ခြားစောင့်တပ် (BGF)နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်းစစ်ဆင်ရေး အကြိမ်ပေါင်း ၂၅ကြိမ် ဆင်နွှဲခဲ့ပြီလို့ သိရပါတယ်။ အဲဒီဒေသတွေမှာ ဥပဒေမဲ့လုပ်ရပ်တွေဖြစ်တဲ့ လောင်းကစားနဲ့ လိမ်လည်မှုတွေ ကျူးလွန်ဖို့ တည်ဆောက်ထားတဲ့ အဆောက်အအုံတွေကို စနစ်တကျဖြိုဖျက်လိုက်ခြင်းဟာ ဒုစရိုက်လုပ်ငန်းတွေရဲ့ အရင်းအမြစ်တွေ မြေလှန်ပစ်လိုက်သလိုမို့ အရင်းအမြစ်တွေ အတော်လေး ခြောက်ခန်းသွားစေခဲ့ပါပြီ။

နိုင်ငံတော်အစိုးရရဲ့ သတင်းထုတ်ပြန်ချက်တွေအရ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့အထိ KK Park အတွင်းမှာ အဆောက်အအုံ အလုံးပေါင်း ၆၃၅ လုံးအနက် ၂၉၃ လုံး ဖြိုချဖျက်ဆီးပြီးစီးကာ ရွှေကုက္ကိုလ်မှာ အဆောက်အအုံ ၁၆၁ လုံးကို ချိပ်ပိတ်သိမ်းဆည်းနိုင်ခဲ့တယ်လို့သိရပါတယ်။ အဲဒီမှာ အသုံးပြုနေတဲ့ ကွန်ပျူတာ ၃၃၁၀၊ မိုဘိုင်းဖုန်း ၂၁၈၇၀ သိမ်းဆည်းရမိဖျက်ဆီးခဲ့ခြင်းက မြန်မာနိုင်ငံအတွက်ရော၊ ကမ္ဘာ့ဒုစရိုက်မှု ပပျောက်ရေးအတွက်ပါ ကြီးမားတဲ့အောင်မြင်မှုကြီးပါ။ ဆက်လက်ပြီးတော့လည်း အပြီးတိုင်ပပျောက်ရေးအတွက် အမြစ်ပြတ်ချေမှုန်းပစ်ဖို့လိုအပ်ပါတယ်။ ဒါမှသာ မြဝတီဒေသတစ်ဝိုက်မှာ အခုလို လိမ်လည်မှုတွေ၊ လောင်းကစားမှုတွေစတဲ့ ဒုစရိုက်လုပ်ငန်းအားလုံး ပြန်လည်ခြေချခွင့်မရမှာဖြစ်ပါတယ်။

အွန်လိုင်းလိမ်လည်မှုလုပ်ငန်းတွေမှာ အတင်းအဓမ္မလုပ်ကိုင်နေရပြီး ပိတ်မိနေကြတဲ့ နိုင်ငံခြားသားတွေကို စနစ်တကျနဲ့ ကယ်ဆယ်ပေးခဲ့တာကလည်း မြန်မာနိုင်ငံနဲ့ မြန်မာအစိုးရပဲဖြစ်ပါတယ်။ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့ကနေ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့အတွင်း နိုင်ငံပေါင်း ၅၂ နိုင်ငံက နိုင်ငံခြားသား စုစုပေါင်း ၆၈၅၈၂ ဦးကို ပြန်လည်လွှဲပြောင်းနိုင်ခဲ့တယ်လို့ သိရပါတယ်။

ထိုဒေသတွေမှာ ရောက်နေကြတဲ့ နိုင်ငံခြားသားတွေကို နိုင်ငံတော်ကတာဝန်ယူပြီး သူတို့ရဲ့သက်ဆိုင်ရာနိုင်ငံက ပြန်လည်မခေါ်ယူမချင်း ထိန်းသိမ်းစောင့်ရှောက်ပေးခြင်းနဲ့ နိုင်ငံကြီးသားပီသစွာ တာဝန်ယူ စောင့်ရှောက်ပေးနေတာကိုလည်း ပြည်တွင်းသတင်းတွေမှာ ဖော်ပြထားပြီး ဖြစ်ပါတယ်။

### ပွဲလန့်တုန်းဖျာဝင်ခင်း

ဒါပေမယ့် ယခုလို နှိမ်နင်းမှုတွေကြောင့် သူတို့ရဲ့ အကျိုးစီးပွားပျက်စီးရကိန်းကြုံလာတဲ့အခါ အနောက်ရှိသူအချို့က စပ်ကြသလို ပွဲလန့်တုန်းဖျာခင်းကြသူများကိုလည်း ဒီအခင်းအကျင်းမှာ မြင်တွေ့ရပါတယ်။ KNU/ KNLA နဲ့ PDF အမည်ခံအကြမ်းဖက်သမားတွေဟာသူတို့ကသာ အွန်လိုင်းလောင်းကစားမှုတွေ တိုက်ဖျက်သယောင်အမည်ခံပြီး အချို့ကျေးရွာတွေကို ပစ်ခတ်ထိန်းချုပ်တာ၊ တရားမဝင်နိုင်ငံခြားသားအချို့ကို မြန်မာအစိုးရနဲ့တပ်မတော်ကို မအပ်နှံဘဲ ဖမ်းဆီးထိန်းသိမ်းထားခြင်းတွေကို ဆောင်ရွက်နေပြီး အသေအပျောက်လည်းရှိတယ်လို့ ဒေသခံတွေထံက သတင်းတွေ ထွက်ပေါ်နေခဲ့ပါတယ်။ ဒါပေမယ့် သူတို့ကတော့ အွန်လိုင်းလိမ်လည်မှုတွေကို သူတို့ကပဲ တိုက်ဖျက်နေသယောင် နိုင်ငံတကာကိုတောင် လိမ်လည်ဖို့ကြိုးစားလျက်ရှိတာကိုလည်း မြင်တွေ့ရပါတယ်။

ထို့အတူပဲ အမေရိကန်နိုင်ငံက သူတို့နိုင်ငံသားတွေကို အွန်လိုင်းလိမ်လည်မှုတွေကနေ ကာကွယ်ဖို့ Scam Center Strike Force (SCSF) ဖွဲ့စည်းဆောင်ရွက်နေတယ်လို့သိရပြီး အောက်လွှတ်တော်မှာလည်း မြန်မာ့အရေး ဆွေးနွေးမှုတွေလုပ်ပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှုနှိမ်နင်းရေးကို ဝင်ရောက်စွက်ဖက်ဖို့ ပြောဆိုနေတာကို တွေ့ရပါတယ်။

မြန်မာဘက်ကို လွယ်လွယ်ကူကူအပြစ်တင်နေကြပေမယ့် တစ်ဖက်မှာ လူကုန်ကူးခံရသူတွေရဲ့ ထွက်ဆိုချက်တွေကတော့ စိတ်ဝင်စားစရာကောင်းပါတယ်။ သူတို့ရဲ့ ထွက်ဆိုချက်တွေဟာ ဒုစရိုက်မှုတွေရဲ့ အစပြုရာနေရာတွေကို ရှင်းရှင်းလင်းလင်း ညွှန်ပြနေတယ်ဆိုတာကိုတော့ ဘယ်သူမှ မငြင်းနိုင်ပါဘူး။ ဥပမာအားဖြင့် ပြီးခဲ့တဲ့ရက်ပိုင်းက ပြည်တွင်းသတင်းဌာနတွေရဲ့ တွေ့ဆုံမေးမြန်းမှုတစ်ခုမှာ ကင်ညာနိုင်ငံသားတစ်ဦးက ဖြေဆိုထားတာကတော့ သူက ထိုင်းနိုင်ငံကနေ အလုပ်ခေါ်ယူတာ ခံရပါတယ်လို့ ဖြေကြားထားပါတယ်။

### ဘယ်နေရာမှာ လူကုန်ကူးခံရမှန်းတောင် မသဲကွဲကြသူများ

နိုင်ငံသားသတင်းဌာနတစ်ခုမှာလည်း ဖိလစ်ပိုင်နိုင်ငံသား လူကုန်ကူးခံရသူက **"ကျွန်တော့်ကို ခေါ်လာခဲ့တဲ့သူက ထိုင်းနိုင်ငံသားဖြစ်ပါတယ်။ ကျွန်တော်မြန်မာနိုင်ငံကို အရင်က မရောက်ခဲ့ဖူးပါဘူး"**လို့ ဖြေကြားထားခဲ့ပါတယ်။ အဲဒါအပြင် ဗီယက်နမ်နိုင်ငံသားတစ်ဦးကလည်း **"မြန်မာနိုင်ငံမှာနေရပေမယ့် ကျွန်တော့်ကို ရိုက်နှက်တဲ့သူတွေက မြန်မာနိုင်ငံသားမဟုတ်ဘူး"**လို့ ထွက်ဆိုခဲ့တာကို နိုင်ငံတကာသတင်းဌာနတွေမှာ ဖတ်ရှုခဲ့ရပါတယ်။

နိုင်ငံတကာသတင်းတွေနဲ့ လူကုန်ကူးမှုသတင်းတွေကို လေ့လာကြည့်တဲ့အခါ ဥပဒေစိုးမိုးမှုမရှိတဲ့ ဒီလိုနေရာတွေကိုရောက်လာတဲ့ နိုင်ငံခြားသားအားလုံးရဲ့ ၉၀ ရာခိုင်နှုန်းလောက်ဟာ မြန်မာနိုင်ငံမှာ လုပ်ရမယ်ဆိုတာကို မသိခဲ့ကြတဲ့အပြင် မြန်မာနိုင်ငံအတွင်း ရောက်ရှိနေတယ်ဆိုတာကိုလည်း အချိန်လွန်မှသိကြရတယ်လို့ ဖော်ပြထားပါတယ်။ ထိုင်းနိုင်ငံကနေတစ်ဆင့် တရားမဝင်ဖြတ်သန်းဝင်ရောက်လာကြတယ်ဆိုတာ အထင်အရှားလို့ ဆိုရမှာဖြစ်ပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံက နိုင်ငံတကာရာဇဝတ်မှုကို တိုက်ဖျက်ရာမှာ နယ်စပ်တစ်ဖက်ကမ်းက ထိုင်းနိုင်ငံရဲ့ ထိရောက်တဲ့ ပူးပေါင်းဆောင်ရွက်မှုကလည်း အရေးတကြီး လိုအပ်နေတယ်လို့ သုံးသပ်မိပါတယ်။ ဒီလို အကြမ်းဖက်သောင်းကျန်းသူတွေ ခြေကုပ်ယူထားတဲ့ မငြိမ်းချမ်းတဲ့နေရာမှာ ဒုစရိုက်မှုပြုလုပ်တဲ့ အဆောက်အအုံတွေ မှိုလိုပေါက်လာနိုင်တာ၊ ဆက်သွယ်ရေးကွန်ရက်တွေ ရရှိလာတာ၊ အခြေခံအဆောက်အအုံ ရေ၊ မီးစတဲ့အရာတွေဟာ နောက်ကွယ်မှာရှိတဲ့ လောဘသားကောင်စီးပွားရေးသမားတွေရဲ့ ပံ့ပိုးမှုဖြစ်နိုင်ပြီး ဒါကိုလည်း နယ်နိမိတ်ချင်းထိစပ်နေတဲ့ မြန်မာနဲ့ ထိုင်းနိုင်ငံက တာဝန်ရှိသူတွေ ပူးတွဲဖော်ထုတ်ကြရမယ်လို့ နားလည်မိပါတယ်။

ထိုင်းနိုင်ငံအနေနဲ့ တရားမဝင်ကုန်သွယ်နေတဲ့ စီးပွားရေးသမားတွေကို ထိရောက်စွာ ဖမ်းဆီးအရေးယူပေးဖို့၊ လူမှောင်ခိုကူးရာမှာ အသုံးပြုနေတဲ့ တရားမဝင် လမ်းကြောင်းတွေကို အမှန်တကယ်ပိတ်ဆို့ပေးဖို့နဲ့ အွန်လိုင်းလိမ်လည်မှုတွေမှာ ပါဝင်ပတ်သက်နေတဲ့ ထိုင်းရင်းနှီးမြှုပ်နှံသူတွေကို စုံစမ်းဖော်ထုတ်အရေးယူပေးဖို့ လိုအပ်တယ်လို့ မြန်မာပြည်သူတစ်ဦးအနေနဲ့ မျှော်လင့်ပါတယ်။

အခုလို ဒုစရိုက်လုပ်ငန်းတွေဖြစ်ပေါ်နေတဲ့ နေရာဒေသတွေဟာ မြန်မာနိုင်ငံအတွင်းက တရားဥပဒေစိုးမိုးပြီး ငြိမ်းချမ်းတဲ့မြို့တော်တွေမှာမဟုတ်ပါဘူး။ လက်နက်ကိုင်ပဋိပက္ခတွေနဲ့ တိုက်ပွဲတွေကြားက မငြိမ်းချမ်းတဲ့အရပ်ဒေသတွေမှာသာ ဖြစ်ပါတယ်။ ဒီလိုအခြေအနေတွေကြားထဲက တပ်မတော်ဟာ နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုတွေကို မြန်မာ့မြေပေါ်က အမြစ်ပြုတ်အောင် မြေလှန်ရှာဖွေဖော်ထုတ်နေတာပါ။ ဆောင်ရွက်တဲ့အခါ KNU အပါအဝင် အကြမ်းဖက် လက်နက်ကိုင်အဖွဲ့အစည်းတွေက သူတို့ ကိုယ်ကျိုးထိခိုက်လာမှာစိုးရိမ်မှုနဲ့အတူ လုပ်ကြံဖန်တီးမှုမျိုးစုံနဲ့ ပြန်လည်ခုခံမှုတွေ၊ ပြည်ပက ဝင်ရောက်စွက်ဖက်ဖို့ ကြိုးစားမှုတွေကိုလည်း ကြုံကြုံခံ ကျော်လွှားနေရပါသေးတယ်။

နိုင်ငံတော်အနေနဲ့ ဒီလိုနိုင်ငံဖြတ်ကျော်ဒုစရိုက်လုပ်ငန်းတွေကို မြန်မာ့မြေပေါ်ကနေ အမြစ်ပြတ်ဖယ်ရှားဖို့အတွက် ခိုင်မာတဲ့စိတ်ဆုံးဖြတ် ပိုင်းဖြတ်ထားပြီးဖြစ်ပါတယ်။ ကမ္ဘာ့အသိုင်းအဝိုင်းက မြန်မာနိုင်ငံကို ဝေဖန်ခြင်းမပြုခင်မှာ မြန်မာ့မြေပေါ်က စစ်မှန်တဲ့ နှိမ်နင်းမှုတွေ၊ တရုတ်နိုင်ငံနှင့်အတူ လက်တွဲပြီး နိုင်ငံဖြတ်ကျော် အွန်လိုင်းလိမ်လည်မှုတွေကို အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်နေတဲ့ အခြေအနေ၊ လူကုန်ကူးခံရသူတွေရဲ့ ထွက်ဆိုချက်တွေနဲ့ ပြဿနာရဲ့ အရင်းအမြစ်တွေကို မှန်ကန်မျှတတဲ့အမြင်နဲ့ ကြည့်ရှုသုံးသပ်သင့်ပါပြီလို့ တိုက်တွန်းလိုက်ရပါတယ်။ ။

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်
၂၄
ရက်
သာ လိုတော့သည်။

**မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ**

မဲစာရင်းများကို ၂၁-၁၁-၂၀၂၅ ရက်နေ့မှ ၄-၁၂-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဒုတိယအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ (၃) ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ ရယူနိုင်ပါသည်။

# အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃**



၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)

အခမ်းအနားသို့ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၄) ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌ(၁)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ(၂)၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်ဥက္ကဋ္ဌ ဦးသိန်းဟန်သူ၊ တပ်မတော်မှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် မသန်စွမ်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ၊ ပြည်တွင်း/ပြည်ပ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌက အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အတွက် "Fostering Disability inclusive societies for advancing social progress" "လူမှုဘဝမြင့်မားရေး မသန်စွမ်းသူများပါဝင်သော လူ့အဖွဲ့အစည်းများမြှင့်တင်ပေး" ဆောင်ပုဒ်အား ယခုနှစ်အတွက် သတ်မှတ်ထားပါကြောင်း၊ မသန်စွမ်းသူများ၏ အရည်အသွေးကိုရယူပြီး နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်အတွက် အသုံးပြုနိုင်ပါက ရေရှည်တည်တံ့ပြီး ဖွံ့ဖြိုးတိုးတက်သော လူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း၊ မသန်စွမ်းသူများ၏ စွမ်းဆောင်ရည်မြှင့်တင်ရန်အတွက် ပညာရေးကဏ္ဍကို ဦးစားပေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မသန်စွမ်းသူများအနေဖြင့် အခြားသူများနည်းတူ သင်ကြားမှု၊ သင်ယူမှုပြုနိုင်ရေးအတွက် လိုအပ်သောနည်းပညာနှင့် သင်ထောက်ကူပစ္စည်းများ ပံ့ပိုးပေးခြင်းတို့အား နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မသန်စွမ်းသူများ ဆန္ဒမဲပေးနိုင်ရေး အသိပညာပေးခြင်းနှင့် မြန်မာအီလက်ထရောနစ် မဲပေးစက် လက်တွေ့စမ်းသပ်အသုံးပြုခြင်း အစီအစဉ်များကို နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့၊ ပြင်ဦးလွင်မြို့နှင့် မိတ္ထီလာမြို့များတွင် အကောင်အထည်ဖော် ဆောင်ရွက်ထားပြီးဖြစ်၍ မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကြီးတွင် မသန်စွမ်းသူများ ဆန္ဒမဲပေးနိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် အလေးအနက်ထား တိုက်တွန်းမှာကြားလိုပါကြောင်း၊ မသန်စွမ်းသူများနှင့်ပတ်သက်သည့် အရေးကိစ္စများမှာ လူ့အသိုက်အဝန်းတစ်ခုလုံးနှင့်သက်ဆိုင်သည့် လူမှုဖွံ့ဖြိုးရေးကိစ္စဖြစ်ပါကြောင်း၊ ပြည်သူလူထုအနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေး၊ ဂုဏ်သိက္ခာနှင့် စွမ်းဆောင်ရည်ကို အသိအမှတ်ပြုသည့် ရှုထောင့်သစ်၊ အမြင်သစ်ဖြင့် နားလည်လက်ခံပေးရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာအန်တိုနီယိုဂူတာရက်စ်၏ သတင်းစကားရုပ်သံနှင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုတို့ကို ပြသသည်။ ယင်းနောက် နားမကြားသောကလေးများကျောင်း (ရန်ကုန်) မှ ကျောင်းသား၊ ကျောင်းသူများက ဗုံကြီးသံ(ယိမ်း)၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း(ရန်ကုန်)မှ ကျောင်းသူလေးက မှုံရွှေရည်(အက)၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်းမှ ကျောင်းသားများက အနာဂတ်လမ်း (အဆို) ဖြင့် ဂုဏ်ပြုတင်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းတို့က အလွတ်တန်းဆောင်းပါးပြိုင်ပွဲ၊ အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံး ပြိုင်ပွဲ ဆုရရှိသူများကို ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခြင်း၊ ကပြဖျော်ဖြေကြသည့် မသန်စွမ်းကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုငွေချီးမြှင့်ခြင်းများ ဆောင်ရွက်ခဲ့ကြပြီး အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် ဓာတ်ပုံပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Jaime Nadal Roig နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၃**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (United Nations Population Fund-UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Jaime Nadal Roig နှင့်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)



**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် ဝန်ကြီးဌာနအနေဖြင့် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူပြီးစီးမှုနှင့် ပြည်ထောင်စုအစီရင်ခံစာထုတ်ပြန်ပြီးစီးမှု၊ ဝန်ကြီးဌာနနှင့် UNFPA တို့အကြား နှစ်ဖက် သဘောတူထားသည့် လုပ်ငန်းစီမံကိန်းပါ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးဆောင်ရွက်နိုင်ရေး အခြေအနေ၊ ယင်းသို့ ဆောင်ရွက်ရာတွင်လည်း သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်မည့် လုပ်ငန်းများကိုသာ လျာထား ဆောင်ရွက်နိုင်ရေး အခြေအနေ၊ UNFPA ၏ နိုင်ငံခြားသားဝန်ထမ်းများ ပြည်ဝင်ဗီဇာနှင့် နေခွင့်ဆိုင်ရာ ကိစ္စရပ်များ အဆင်ပြေစေရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးမှု၊ UNFPA ၏ နိုင်ငံခြားသား ဝန်ထမ်းများနှင့် ဒေသခန့်ဝန်ထမ်းများ စာရင်းအား ဝန်ကြီးဌာနသို့ ပြုစုပေးပို့ထားရန်လိုအပ်မှုနှင့် ယင်းသို့ ဆောင်ရွက်ထားမှသာ လိုအပ်သည့် ကူညီမှုများ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေ၊ မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ် တိုးတက်မှုများနှင့် အထွေထွေရွေးကောက်ပွဲကျင်းပဆောင်ရွက်မည့် အခြေအနေ၊ UNFPA အနေဖြင့် ဝန်ကြီးဌာနနှင့် နီးကပ်စွာ ဆက်လက်လက်တွဲ ပူးပေါင်းဆောင်ရွက်နိုင်ရေး အခြေအနေတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**တာဝန်ရှိသူများ တက်ရောက်**

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဌေးလှိုင်၊ အမြဲတမ်းအတွင်းဝန် ဦးမင်းဟိန်း၊ လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့အင်အား ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တရားလွှတ်တော်ရှေ့နေများကောင်စီအစည်းအဝေး အမှတ်စဉ် ၂/၂၀၂၅ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃**

တရားလွှတ်တော်ရှေ့နေများကောင်စီ အစည်းအဝေး အမှတ်စဉ် ၂/၂၀၂၅ ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း Cluster – 1, တိုက်အမှတ် (၆) ရှိ တရားလွှတ်တော်ရှေ့နေများ ကောင်စီရုံး၌ ကျင်းပသည်။ **(ဓာတ်ပုံ)**



အစည်းအဝေးတွင် တရားလွှတ်တော်ရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်ပြုရန် လျှောက်ထားသည့် အထက်တန်းရှေ့နေ ၃၇၁ ဦးကို တရားလွှတ်တော်ရှေ့နေများ ကောင်စီက ကန့်ကွက်ရန် ရှိ/မရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ သဘောထားတောင်းခံသည့်ကိစ္စ၊ ရှေ့နေကျင့်ဝတ်ဖောက်ဖျက်သည့် တရားလွှတ်တော်ရှေ့နေ ၃၁ ဦးအပေါ် တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေပုဒ်မ ၁၀ (၁) အရ ထိုက်သင့်သည့်အရေးယူမှုပြုလုပ်ရန် သင့်၊ မသင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ သဘောထားတောင်းခံသည့်ကိစ္စ၊ တရားလွှတ်တော်ရှေ့နေ ၄ ဦးက ဘာဏ်ရှေ့နေခန့်ထားနိုင်ရေး အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံပေးနိုင်ပါရန် လျှောက်ထားသည့်ကိစ္စ၊ ရှေ့နေရှေ့ရပ်များအကြား ဥပဒေရေးရာစကားဝိုင်း (၁) ပြုလုပ်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းကိစ္စ၊ ၁၉၅၄ ခုနှစ် တရားလွှတ်တော်ရှေ့နေများအဖြစ် ဝင်ခွင့်နည်းဥပဒေများ၊ နည်းဥပဒေ ၁ (ခ)၊ နည်းဥပဒေ ၈ နှင့် နည်းဥပဒေ ၁၅ တို့ကို ပြင်ဆင်နိုင်ရေးကိစ္စ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲပြောင်းပေးပို့ခဲ့သည့် တိုင်ကြားစာများကို မှတ်တမ်းတင်ရန်ကိစ္စ၊ တရားလွှတ်တော်ရှေ့နေအဖြစ် အမှုလိုက်ပါဆောင်ရွက်ခြင်းကို ပြင်းထန်စွာသတိပေးခြင်း၊ ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်းကိစ္စရပ်များ အမိန့်မိတ္တူများနှင့် စပ်လျဉ်း၍ မှတ်တမ်းတင်ရန်ကိစ္စ၊ ရုံးအဆောက်အအုံ၏ Aprion နှင့် သွပ်မိုးအောက်ရှိ ရေထွက်လိုင်းများ ပြင်ဆင်ထားရှိမှုအခြေအနေတင်ပြခြင်းကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ခဲ့ကြသည်။

အဆိုပါအစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ်၊ တရားလွှတ်တော်ရှေ့နေများကောင်စီ ဥက္ကဋ္ဌ ဒေါက်တာသီတာဦး ဦးဆောင်၍ တရားလွှတ်တော်ရှေ့နေများကောင်စီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမျိုးတင့်၊ တရားလွှတ်တော်ရှေ့နေများကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီး နှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ တရားလွှတ်တော်ရှေ့နေများ ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ အထူးဟောပြောပို့ချဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် ယနေ့နံနက်ပိုင်းတွင် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၌ "မြန်မာနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးနှင့် စားနပ်ရိက္ခာစနစ်ပြောင်းလဲတိုးတက်ရေးအတွက် ဌာနဆိုင်ရာပြုပြင်ပြောင်းလဲခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး ကဏ္ဍစုံညှိနှိုင်းသည့် မူဝါဒရေးရာ မဟာဗျူဟာ" ခေါင်းစဉ်ဖြင့် အထူးဟောပြောပို့ချသည်။

ဦးစွာဒုတိယဝန်ကြီးက စိုက်ပျိုးရေးကဏ္ဍအနေဖြင့် လက်ရှိအခြေအနေ အနေအထားအရ ရင်ဆိုင်နေရသော စိန်ခေါ်မှုများဖြစ်သည့် စီးပွားရေး၊ လူမှုရေးနှင့် ရာသီဥတုဆိုင်ရာပြောင်းလဲမှုများ၊ စားရေရိက္ခာ ရေရှည်တည်တံ့စွာဖူလုံရေးနှင့် စိုက်ပျိုးရေးသုတေသနအတွက် ရင်းနှီးမြှုပ်နှံမှုများကို ထိရောက်စွာ သုံးစွဲနိုင်ရေးအပါအဝင် ပညာရပ်ဆိုင်ရာ အားနည်းချက်များရှိနေသေးသည့်အပြင် သုတေသနစွမ်းရည်၊ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ချိတ်ဆက်မှုအားနည်းခြင်းများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ထုတ်လုပ်မှုစွမ်းရည်မြင့်မား၍ ရာသီဥတုဒဏ်ခံနိုင်မည့် စိုက်ပျိုးမွေးမြူရေး – စားရေရိက္ခာ တည်ဆောက်ရေး၊ ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုစနစ်ကို မောင်းနှင်ရန်၊ နိုင်ငံသားအားလုံးအတွက် အစားအစာနှင့် အာဟာရဖူလုံမှုဘေးကင်းမှုရှိစေရန်၊ ကျေးလက်ဒေသများအတွက် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများ ဖန်တီးပေးရန်စသည့် ဗျူဟာမြောက်ရည်မှန်းချက်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ မဟာဗျူဟာ၏ အဓိကချဉ်းကပ်နည်း (၂) ရပ်ဖြစ်သည့် စိုက်ပျိုးရေးဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်းနှင့် ပညာရေးနှင့်လေ့ကျင့်ရေး အပိုင်းအဆင့်အားလုံးတွင် အရည်အသွေးမြင့် လူ့စွမ်းအားမွေးထုတ်ရေး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ လည်းကောင်း၊ ဒေသဆိုင်ရာသုတေသနစင်တာ (RRC) မော်ဒယ်ကို ချဲ့ထွင်အသုံးပြုခြင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် သီးနှံမျိုးသစ်များ ထုတ်လုပ်နိုင်ရေး၊ ထုတ်လုပ်မှုစနစ် စီမံခန့်ခွဲရေးနှင့် စိုက်ပျိုးရေးနည်းစနစ်များ ဖွံ့ဖြိုးရေးအတွက် ပြန်လည်ဖွဲ့စည်းခြင်း၊ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ခြင်း၊ မိတ်ဖက်ပေါင်းစုံ ပါဝင်မှု (အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ၊ ပြည်သူ့လူ့အဖွဲ့အစည်းနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်များ) အားကောင်းစေခြင်းစသည့် အသေးစိတ်အကောင်အထည်ဖော်မည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ မျှော်မှန်းရလဒ်များ အနေဖြင့် စိုက်ပျိုးရေးကဏ္ဍ၏ ထုတ်လုပ်မှုစွမ်းရည်မြင့်တက်လာခြင်း၊ မျိုးစေ့မျိုးကောင်းများ ပိုမိုလျင်မြန်စွာ ထုတ်ဝေနိုင်ခြင်း၊ လယ်သမားများ ခေတ်မီနည်းပညာများသို့ လက်လှမ်းမီမှု တိုးတက်ခြင်း၊ အစားအစာဖူလုံရေးနှင့် အာဟာရအခြေအနေ မြင့်တက်လာခြင်း၊ စိုက်ပျိုးရေးကဏ္ဍသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အား တစ်ခုဖြစ်လာစေခြင်းတို့နှင့်စပ်လျဉ်း၍ လည်းကောင်း၊ ဤပြောင်းလဲမှုများ အောင်မြင်ရန် အခြေခံကျသော ပြုပြင်ပြောင်းလဲမှုများနှင့် ရေရှည်တည်တံ့ရန် လိုအပ်မှု၊ လက်ရှိစိန်ခေါ်ချက်များကို အခွင့်အလမ်းအဖြစ် ပြောင်းလဲကာ ပိုမိုကောင်းမွန်သော အနာဂတ်စနစ်ကို ပြန်လည်တည်ဆောက်ရန် ပြည့်စုံစွာပို့ချဆွေးနွေးသည်။



အဆိုပါ ဆွေးနွေးပို့ချမှုအစီအစဉ်သို့ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ စတုတ္ထနှစ်ကျောင်းသား ကျောင်းသူများ၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် သိပ္ပံပွဲတော်ကျင်းပရေးနှင့် တက္ကသိုလ်ဝင်စာမေးပွဲ မအောင်မြင်သည့် ကျောင်းသား ကျောင်းသူများအတွက် ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများ ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၃**

ပညာရေးဝန်ကြီးဌာန သိပ္ပံပွဲတော်အောင်မြင်စွာကျင်းပရေးနှင့် တက္ကသိုလ်ဝင် စာမေးပွဲမအောင်မြင်သည့် ကျောင်းသား ကျောင်းသူများအတွက် အလုပ်အကိုင်ရရှိရေး ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများ ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရန်ကုန်မြို့ပေါ်ရှိ တက္ကသိုလ်ခြောက်ခုနှင့် မန္တလေးတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ပြည်ထောင်စုဝန်ကြီး၏လမ်းညွှန်ချက်အရ သိပ္ပံပွဲတော် (Science Fair) ကျင်းပနိုင်ရေး ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ ဒုတိယပိုင်းအနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲ မအောင်မြင်သည့် ကျောင်းသား ကျောင်းသူများအတွက် တက္ကသိုလ်ဘာသာရပ်ဌာနအသီးသီးမှ Skilled Labour သင်တန်းများဖွင့်လှစ်နိုင်ရေး ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ သိပ္ပံပွဲတော်ကို ရန်ကုန်တက္ကသိုလ်တွင် ကျင်းပလေ့ရှိခဲ့ရာ ၂၀၂၀ ပြည့်နှစ် ကိုဗစ်ကာလမှ စတင်၍ ကျင်းပမှုရပ်ဆိုင်းခဲ့ရပါကြောင်း၊ သိပ္ပံပွဲတော်ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် စိတ်ဝင်စားဖွယ်ကောင်းသည့် ဘာသာရပ်ဆိုင်ရာပြခန်းများ၊ ပြကွက်များ၊ ပြိုင်ပွဲများဖြင့် ခမ်းနားထည်ဝါစွာ၊ ခေတ်မီစွာ စနစ်တကျ ပြန်လည်ကျင်းပမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံသုတေသနညီလာခံနှင့် သိပ္ပံပွဲတော်ကို ပူးတွဲ၍ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရန် အကြံပြုဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက သိပ္ပံပြခန်းများ ခင်းကျင်းပြသနိုင်ရေး အကြံပြုဆွေးနွေးကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်အကြံပြု ဆွေးနွေးသည်။

ယင်းနောက် ဒုတိယပိုင်းကို ဆက်လက်ဆွေးနွေးရာ ဒုတိယဝန်ကြီးက တက္ကသိုလ်ဝင်စာမေးပွဲ မအောင်မြင်သူများအတွက် ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်များက မိမိနိုင်ငံ၊ မိမိဒေသ အကျိုးပြု အလုပ်အကိုင်ရရှိရေး ကျွမ်းကျင်မှုဆိုင်ရာ Job–Ready Skills သင်တန်းများ၊ သွင်းကုန်အစားထိုး ထုတ်ကုန်များကို ဓာတ်ခွဲခန်း Lab – Scale အဆင့် ထုတ်လုပ်နည်းသင်တန်းများ ရွေးချယ်ဖွင့်လှစ်နိုင်မည့်စီမံချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များက ဖွင့်လှစ်မည့်သင်တန်းများနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် အခြေခံစားသုံးကုန်များ ဈေးနှုန်းသက်သာစွာဖြင့်ရောင်းချပေးနေမှု ကြည့်ရှုအားပေး



**ပဲခူး ဒီဇင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ အစီအစဉ်ဖြင့် အပတ်စဉ် နိုင်ငံ့ဝန်ထမ်းအိမ်ရာများတွင် အခြေခံစားသုံးကုန်နှင့် အသား၊ ငါး၊ ဥ၊ ဟင်းသီးဟင်းရွက်များ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း လိုက်လံကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရှင်စောပုဝန်ထမ်းအိမ်ရာသို့ရောက်ရှိကာ ဆန်၊ ဆီ၊ ကြက်သား၊ ဝက်သား၊ ကြက်ဥနှင့်ဟင်းသီးဟင်းရွက်မျိုးစုံတို့ကို တိုက်ရိုက်ဈေးနှုန်းဖြင့် ရောင်းချနေမှုနှင့် နိုင်ငံ့ဝန်ထမ်းများက ဝယ်ယူနေမှုတို့ကို ကြည့်ရှုအားပေးပြီး ဝန်ထမ်းအိမ်ရာများတွင် အခြေခံစားသုံးကုန်များသာမက လူသုံးကုန်များလည်း ရောင်းချပေးသွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်ရှိ မြို့မဈေးများတွင် ကိုယ်တိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ တိုက်ရိုက်အရောင်းဆိုင်များတွင်လည်း အခြေခံစားသုံးကုန်နှင့် အသား၊ ငါး၊ ဥတို့ကို ၂၀၂၃ ခုနှစ် ဇွန် ၆ ရက်မှစတင်၍ နေ့စဉ်ပိတ်ရက်မရှိ သက်သာသောနှုန်းထားဖြင့် ရောင်းချပေးလျက်ရှိသည့်အပြင် တက္ကသိုလ်၊ ဒီဂရီကောလိပ်များနှင့် သင်တန်းကျောင်းများရှိ အဆောင်နေ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများအတွက် အပတ်စဉ်အင်္ဂါနေ့ နံနက်ပိုင်းတွင်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းများနေထိုင်ရာ ဝန်ထမ်းအိမ်ရာများတွင် အပတ်စဉ် ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းတွင် လည်းကောင်း၊ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းအိမ်ရာများတွင် အပတ်စဉ်ကြာသပတေးနေ့ နံနက်ပိုင်းတွင်လည်းကောင်း ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် မာန်အောင်မြို့နယ်ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**စစ်တွေ ဒီဇင်ဘာ ၃**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက မာန်အောင်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မာန်အောင်မြို့ ရှေးဟောင်းသမိုင်းဝင် ရန်အောင်မြင်စေတီတော်အား သွားရောက်ဖူးမြော်ကြပြီး ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်ကြကာ အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။

ထို့နောက် မာန်အောင်မြို့နယ်ခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားပြီး တာဝန်ရှိသူများက စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေး၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသော တပ်ဖွဲ့ဝင်များကို အနွေးထည်များနှင့် အခြေခံစားသောက်ကုန်များကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြို့နယ်ပြည်သူ့ဆေးရုံ၌ ဆေးရုံတက်ရောက်ကျန်းမာရေးစောင့်ရှောက်မှုခံယူနေကြသည့်လူနာများကို လှည့်လည်ကြည့်ရှုအားပေးစကားပြောကြပြီး အာဟာရဖြည့်စွက်စာများပေးအပ်၍ မာန်အောင်ဆေးရုံအတွက် လိုအပ်လျက်ရှိသော ဆေးများရောက်ရှိနေမှုကို ကြည့်ရှုကာ ဆရာဝန်၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများအား ချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မာန်အောင်မြို့နယ်ရုံးသို့သွားရောက်၍ ပြည်သူ့စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ စာအုပ်၊ စာပေများလှူဒါန်းထားမှု အခြေအနေ၊ စာပေလေ့လာဖတ်ရှုသူများ ရောက်ရှိမှု အခြေအနေများကို မေးမြန်းဆွေးနွေးပြီး စာကြည့်တိုက်အတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် မာန်အောင်မြို့ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းသို့သွားရောက်၍ ကျောင်းသား ကျောင်းသူလေးများအား အာဟာရဖြည့်စွက်စာများကျွေးမွေးနေမှုကို လှည့်လည်ကြည့်ရှုကာ ဖြည့်စွက်စာ ကျွေးမွေးနိုင်ရန်အတွက် အလှူငွေများပေးအပ်ကြပြီး ကျောင်းအတွက် လိုအပ်သည်များကို ဆောင်ရွက်ပေးနိုင်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက်ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မာန်အောင်မြို့မစည်ပင်သာယာဈေးအတွင်း ဟင်းသီးဟင်းရွက် ဈေးတန်းနှင့် အသားဈေးတန်းတို့ကို အသစ်ပြန်လည်ပြင်ဆင်နိုင်ရေးအတွက် ဆောင်ရွက်နေမှုကိုလည်းကောင်း၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ရုံးကို လည်းကောင်း သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ပြန်လည်ပြုပြင်ရန်မှာကြားကာ မာန်အောင်မြို့၌ စစ်တွေမြို့ မဟာဇေယျာသိဒ္ဓိအဓိဋ္ဌာန်ဆရာတော်ကြီး ဦးဆောင်တည်ထားလျက်ရှိသော ဉာဏ်တော်အမြင့် ၁၀၈ ပေရှိ ထိုင်တော်မူ လောကဥဿျှောင်ဘုရားကြီး တည်ဆောက်ရေးလုပ်ငန်းခွင်ကို သွားရောက်ကြည့်ရှုကြပြီး ဘုရားကြီးတည်ဆောက်ရန် အတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။



မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဇရပ်ကုန်းခင်ကျေးရွာ၌ ဖိုင်ပင်ကျေးရွာမှ ချင်းတိုင်းရင်းသား တိုင်းရင်းသူများက ချင်းရိုးရာဝါးညှပ်အကဖြင့် ဖျော်ဖြေမှုကို ကြည့်ရှုအားပေးပြီး ချင်းရိုးရာအကအဖွဲ့ကို ချီးမြှင့်ငွေများပေးအပ်ကာ ဇရပ်ကုန်းခင်ကျေးရွာ၌ မဲစာရင်းမှန်ကန်စေရေးအတွက် တစ်အိမ်တက်ဆင်း မဲစာရင်း တိုက်ဆိုင်စိစစ်နေမှုကို ကြည့်ရှုသည်။

ထို့နောက် ဇရပ်ကုန်းခင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ဆရာ ဆရာမများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး Grade–12 ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုအားပေး စကားပြောကြားကာ စာကြည့်ဆိုလာမီးလုံးများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ချီးမြှင့်၍ ပြားကြီးကျေးရွာ၌ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သောက်သုံးရေကန်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မျှော်တော်ဦးကျေးရွာသို့ သွားရောက်၍ မာန်အောင်–ငပုန်ကုန်း–မိမ္မကြွယ်မြေသားလမ်းကို ဖို့မြေ၊ ဖြတ်မြေလုပ်ငန်း၊ ဇရပ်ကုန်းခင်ကျေးရွာမှ သစ်ဝလမ်းဆုံအထိ ကျောက်ချောခင်းခြင်းလုပ်ငန်းနှင့် သစ်ဝလမ်းဆုံမှ မျှော်တော်ဦးမုခ်ဝအထိ ကျောက်ချောခင်းခြင်း လုပ်ငန်း ဆောင်ရွက်မည့် အစီအမံများကို သွားရောက်ကြည့်ရှုပြီး မျှော်တော်ဦးကျေးရွာ စံပြစိုက်ကွက်၌ တောင်သူများနှင့်တွေ့ဆုံ၍ ဆောင်းသီးနှံစိုက်ပျိုးရန်အတွက် ဓာတ်မြေဩဇာများ ပေးအပ်ချီးမြှင့်ကာ မာန်အောင်ကျွန်း ပတ်လမ်းပေါ်ရှိ လမ်းတံတားများ ပြုပြင်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**တင်ထွန်း (ပြန်/ဆက်)**

# စစ်တက္ကသိုလ်၏ အကြိမ် (၇၀) မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃**

စစ်တက္ကသိုလ်၏ အကြိမ်(၇၀) မြောက် ဘွဲ့နှင်းသဘင်



အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် စစ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ စစ်တက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် သူရဇော်လွင်စိုး၊ စစ်တက္ကသိုလ်ပါမောက္ခချုပ် ဗိုလ်မှူးချုပ် သိန်းလွင်၊ စစ်တက္ကသိုလ်မှ ပညာရေးအဖွဲ့ဝင်များနှင့် ကျောင်းဆင်း အရာရှိများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ဦးစွာ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များက ဘွဲ့နှင်းသဘင်ခန်းမသို့ဝင်ရောက်၍ သတ်မှတ်နေရာများတွင် နေရာယူကြပြီးနောက် နိုင်ငံတော်သီချင်းတီးမှုတ်ကာ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင်ကျင်းပကြောင်းကြေညာပြီး ဘွဲ့ယူမည့်သူများ စောင့်ထိန်းရမည့်ကျင့်ဝတ်များ လိုက်နာကျင့်သုံးရန် ကတိခံဝန်မှုပြုခြင်းကို ဆောင်ရွက်ကြသည်။ ဆက်လက်၍ ပါမောက္ခချုပ်က ဝိဇ္ဇာဘွဲ့၊ စီးပွားရေးပညာဘွဲ့၊ သိပ္ပံဘွဲ့၊ ကွန်ပျူတာသိပ္ပံဘွဲ့၊ ကွန်ပျူတာနည်းပညာဘွဲ့ရရှိသူတို့အား သက်ဆိုင်ရာ ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းသည်။

ယင်းနောက် ပါမောက္ခချုပ်က ဘွဲ့ရရှိသူများအား ဘွဲ့များနှင့်လျော်ညီသော အမှတ်လက္ခဏာဖြစ်သည့် ဝတ်စုံများကို ဝတ်ဆင်ခွင့်ပြုခဲ့ပြီး ဘွဲ့နှင်းသဘင် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။


ဆက်လက်၍ ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင် မိန့်ခွန်းပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းကြောင်းကြေညာကာ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမမှ ပြန်လည်ထွက်ခွာသွားကြသည်။

စစ်တက္ကသိုလ်အနေဖြင့် ပထမအကြိမ်ဘွဲ့နှင်းသဘင်မှ ယခု အကြိမ် (၇၀) မြောက် ဘွဲ့နှင်းသဘင်အထိ ကျောင်းဆင်းအရာရှိပေါင်း ၃၄၃၆၅ ဦးကို အခြေခံဘွဲ့များ ပေးအပ်ချီးမြှင့်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မလေးရှားနှင့် ထိုင်းနိုင်ငံတောင်ပိုင်းတို့ကို ရေကြီးမှုဖြစ်စေခဲ့သော အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း "SENYAR" ၏ လမ်းကြောင်းဆိုင်ရာ လေ့လာတွေ့ရှိချက်များနှင့် ရူပဗေဒအကြောင်းရင်းများ

ဒေါက်တာကျော်(မိုးလေဝသကျောင်း)

မလက္ကာရေလက်ကြားနှင့် မလေးရှားကျွန်းဆွယ် အနီးတစ်ဝိုက်တွင် ၂၀၂၅ ခုနှစ် နိုဝင်ဘာအတွင်း ဖြစ်ပေါ်ခဲ့သော အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း "SENYAR" ၏ ရွေ့လျားမှုပုံစံကို ၁၉၄၉–၂၀၂၅ ခုနှစ်အတွင်း မြောက်လတ္တီတွဒ် ၀–၁၀° အကြား အနောက်မှအရှေ့သို့ ရွေ့လျားခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်းများ၏ သမိုင်းဆိုင်ရာ အချက်အလက်များနှင့် နှိုင်းယှဉ်လေ့လာခဲ့ပါသည်။ ဤဒေသတွင် အနောက်မှ အရှေ့သို့ ရွေ့လျားသော ဆိုင်ကလုန်းများသည် အလွန်ရှားပါးပြီး ၁၉၄၉–၂၀၂၅ အတွင်းဖြစ်ပေါ်ခဲ့သော မုန်တိုင်းစုစုပေါင်း၏ ၁ ဒသမ ၉ ရာခိုင်နှုန်းသာရှိရာ ဆိုင်ကလုန်းမုန်တိုင်း "SENYAR" သည် ထူးခြားသော မုန်တိုင်းတစ်ခုအဖြစ် သတ်မှတ်နိုင်ပေသည်။




**အနောက်မှအရှေ့သို့ ရွေ့လျားသော မုန်တိုင်း**

ဆိုင်ကလုန်းမုန်တိုင်းများသည် ယေဘုယျအားဖြင့် အရှေ့မှ အနောက်သို့ ရွေ့လျားလေ့ရှိသော်လည်း တစ်ခါတစ်ရံတွင် အနောက်မှ အရှေ့သို့ ရွေ့လျားသော မုန်တိုင်းများလည်း ရှိတတ်ပါသည်။ ဤဆောင်းပါးသည် ၀–၁၀° လတ္တီတွဒ်အတွင်း (အထူးသဖြင့် မလေးရှားနှင့် အနီးတစ်ဝိုက်)တွင် အနောက်မှ အရှေ့သို့ ရွေ့လျားသော ဆိုင်ကလုန်းများ၏ ဂုဏ်သတ္တိများကို လေ့လာထားပြီး "SENYAR" ဆိုင်ကလုန်းမုန်တိုင်း၏ လမ်းကြောင်း၊ သက်ရောက်မှုများနှင့် ယင်းကဲ့သို့ ရွေ့လျားရခြင်း၏ ရူပဗေဒအကြောင်းရင်းများကို နှိုင်းယှဉ်သုံးသပ်ပြထားပါသည်။

**ဆိုင်ကလုန်း "SENYAR" ၏ အခြေအနေ အတိုချုပ်**

ဆိုင်ကလုန်း "SENYAR" (04B) သည် ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့ ဝန်းကျင်ခန့်တွင် စတင်ဖြစ်ပေါ်ခဲ့ပြီး အားကောင်းသော မုန်တိုင်းငယ် 95B မှ ကြီးထွားအားကောင်းလာခြင်းဖြစ်ပါသည်။

**ဖြစ်ပေါ်ရာနေရာ**။ ၎င်း၏မူလစတင်ရာနေရာမှာ မြောက်လတ္တီတွဒ် ၃ ဒသမ ၆° နှင့် အရှေ့လောင်ဂျီတွဒ် ၉၉ ဒသမ ၉° ဝန်းကျင် (မလေးရှားရေလက်ကြားနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း) တွင် ဖြစ်သည်။ ဆိုင်ကလုန်း "SENYAR" သည် တောင်အာရှ မြောက်ကမ္ဘာခြမ်း၌ အီကွေတာနှင့် အနီးဆုံးတွင် ဖြစ်ပေါ်သော မုန်တိုင်းအဖြစ် မှတ်တမ်းဝင်သော ဆိုင်ကလုန်းများထဲမှ တစ်ခုဖြစ်လာသည်။ အကြောင်းမှာ ၂၀၀၁ ခုနှစ်က ဖြစ်ပေါ်ခဲ့သော အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း Vamei ပြီးနောက် မလေးရှား မလက္ကာရေလက်ကြားတွင် ဒုတိယမြောက် ဖြစ်ပေါ်ခဲ့သော ဆိုင်ကလုန်းဖြစ်သောကြောင့် ဖြစ်ပါသည်။

**လမ်းကြောင်း**။ မုန်တိုင်းသည် မူလအစတွင် အရှေ့ဘက်သို့ ရွေ့လျားပြီး အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်း၏ အနောက်မြောက်ကမ်းရိုးတန်းသို့ လာရောက်တိုက်ခတ်ခဲ့သည်။ ထို့နောက် မလေးရှားရေလက်ကြားဘက်သို့ ပြန်လည်ရွေ့လျားပြီး "Deep Depression" အဆင့်သို့ ကျဆင်းသွားခဲ့ပါသည်။

**သက်ရောက်မှုများ**။ "SENYAR" ဆိုင်ကလုန်းသည် ပြင်းထန်သော မိုးရွာသွန်းမှု၊ အားကောင်းသော လေပြင်းများ၊ ရေကြီးမှုများနှင့် မြေပြိုမှုများကို ဖြစ်ပေါ်စေခဲ့သည်။ အင်ဒိုနီးရှား (ဆူမတြားနှင့် အာချေးဒေသ)၊ မလေးရှား(ကွာလာလမ်ပူအပါအဝင် အနောက်နှင့် အလယ်ပိုင်းဒေသများ)နှင့် ထိုင်းနိုင်ငံတို့တွင် လူအများအပြား သေဆုံးခြင်းနှင့် အိုးမဲ့အိမ်မဲ့ဖြစ်ခြင်းများ ရှိခဲ့သည်။

**ဆိုင်ကလုန်း "SENYAR" နှင့် သမိုင်းအချက်အလက်ဒေတာများ နှိုင်းယှဉ်ချက်**

မုန်တိုင်းများ၏ သမိုင်းဆိုင်ရာ ဒေတာအချက်အလက်များအရ မြောက်လတ္တီတွဒ် ၀–၁၀° ဒေတာတွင် အနောက်မှအရှေ့သို့ ရွေ့လျားသော ဆိုင်ကလုန်းများ၏ ပျမ်းမျှဖြစ်ပေါ်ရာနေရာမှာ အရှေ့လောင်ဂျီတွဒ် ၉၇ ဒသမ ၉° နှင့် မြောက်လတ္တီတွဒ် ၆ ဒသမ ၄° ဖြစ်ပြီး မလေးရှားကျွန်းဆွယ်၏ အနောက်ဘက်ပင်လယ်ပြင်နှင့် နီးကပ်သည်။ "SENYAR" ဆိုင်ကလုန်းမုန်တိုင်း၏ မူလအနေအထား (အရှေ့လောင်ဂျီတွဒ် ၉၉.၉° နှင့် မြောက်လတ္တီတွဒ် ၃.၆°) သည် ဤပျမ်းမျှနေရာနှင့် လတ္တီတွဒ်အားဖြင့် အနည်းငယ်ပို၍ တောင်ဘက်သို့ ရောက်ရှိနေပြီး သမိုင်းတွင်ရှားပါးသည့် အနိမ့်ပိုင်း အီကွေတာအနီးလတ္တီတွဒ်တွင် ဖြစ်ပေါ်မှုနှင့် ကိုက်ညီသည်။ ယင်း၏ အရှေ့ဘက်သို့ ရွေ့လျားမှုသည်လည်း သမိုင်းမှတ်တမ်းများအရ ပျမ်းမျှတွက်ချက်ထားသော အနောက်မှ အရှေ့သို့ရွေ့လျားသော ဆိုင်ကလုန်းများ၏ လမ်းကြောင်းနှင့် ဆင်တူသည်။

သမိုင်းဆိုင်ရာ အချက်အလက်များအရ အနောက်မှ အရှေ့သို့ ရွေ့လျားသော ဆိုင်ကလုန်းများသည် ဆောင်းရာသီ (ဒီဇင်ဘာ–ဖေဖော်ဝါရီ)တွင် ၅၇ ဒသမ ၁ ရာခိုင်နှုန်းနှင့် ဆောင်းဦးရာသီ (စက်တင်ဘာ–နိုဝင်ဘာ) တွင် ၄၂ ဒသမ ၉ ရာခိုင်နှုန်းခန့် ဖြစ်ပေါ်လေ့ရှိသည်ကို တွေ့ရသည်။ "SENYAR" ဆိုင်ကလုန်းမုန်တိုင်းသည် နိုဝင်ဘာလတွင် ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ဤရာသီအလိုက် ဖြစ်ပေါ်မှုပုံစံနှင့် ကိုက်ညီမှုရှိကြောင်း တွေ့ရသည်။

သမိုင်းဆိုင်ရာ အချက်အလက်များအရ အနောက်မှ အရှေ့သို့ ရွေ့လျားသော ဆိုင်ကလုန်းများသည် "Deep Depression" (၃၄ – ၄၇ knots) အဆင့်တွင် ၅၇ ဒသမ ၁ ရာခိုင်နှုန်းခန့် ရှိပါသည်။ "SENYAR" ဆိုင်ကလုန်းသည် လမ်းကြောင်းတစ်လျှောက် "Deep Depression" အဆင့်သို့ ကျဆင်းသွားခဲ့သော်လည်း မလေးရှားဒေသအတွက် မှတ်တမ်းတင်ထားသော အပြင်းထန်ဆုံးမုန်တိုင်းတစ်ခုအဖြစ် သတင်းများက ဖော်ပြခဲ့သည်။ ဤအချက်သည် ဆိုင်ကလုန်း၏အဆင့်သာမက ၎င်း၏ ဖြတ်သန်းရာဒေသ (မြို့ပြကျေးရွာများ စုစည်းရာနေရာ)နှင့် ယူဆောင်လာသော မိုးရွာသွန်းမှုပမာဏသည်လည်း ပျက်စီးဆုံးရှုံးမှုကို ဆုံးဖြတ်ကြောင်း ညွှန်ပြနေသည်။

**အနောက်မှအရှေ့သို့ ရွေ့လျားရခြင်း၏ ရူပဗေဒအကြောင်းရင်းများ**

ယေဘုယျအားဖြင့် ဆိုင်ကလုန်းများသည် အီကွေတာမြောက်ဘက်တွင် များသောအားဖြင့် **အရှေ့လေစီးကြောင်း (Easterlies)**နှင့် **အနောက်လေစီးကြောင်း (Westerlies)** ကြားရှိ **လှိုင်းထကြွမှုများ (Rossby Waves)**၏ သက်ရောက်မှုကြောင့် အရှေ့မှ အနောက်သို့ (များသောအားဖြင့် အနောက်မြောက်သို့) ရွေ့လျားလေ့ရှိပေသည်။ သို့ရာတွင် "SENYAR" ကဲ့သို့သော ဆိုင်ကလုန်းများ အနောက်မှအရှေ့သို့ ရွေ့လျားရခြင်းမှာ အောက်ပါအချက်များကြောင့် ဖြစ်နိုင်သည်–

၁။ **အားနည်းသော လေပိုင်းဆိုင်ရာ ဦးတည်ချက်(Weak Steering Flow)**။ အီကွေတာအနီးရှိ ကိုရီးယိုးလစ်ခေါ် မြေလည်လေတိမ်းအားများ (Coriolis Force)အားနည်းပြီး လေထုအထက်ပိုင်းရှိ မုန်တိုင်းအားရွေ့လျားစေမည့် အထက်လေစီးကြောင်းများ (Upper–level winds)များ အားနည်းနေသောအခါ ဆိုင်ကလုန်းအား ဦးတည်ရွေ့လျားစေသည့်အားသည် အားနည်းနေတတ်သည်။ ဤသို့ဖြင့် မုန်တိုင်းသည် ပတ်ဝန်းကျင်ရှိ လေဖိအားစနစ်များ (ဥပမာ – အနီးအနားရှိ မြေပြင်လေဖိအားမြင့်ရပ်ဝန်း သို့မဟုတ် လေဖိအားနည်းရပ်ဝန်းများ)၏ ဆွဲငင်မှုကို ပိုမိုခံရပြီး ပုံမှန်မဟုတ်သော လမ်းကြောင်းသို့ ရွေ့လျားတတ်သည်။

စာမျက်နှာ ၁၃ သို့

❖ "SENYAR" ဆိုင်ကလုန်းမုန်တိုင်းသည် မလေးရှားနှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်လာသော ရှားပါးသည့် အနောက်မှ အရှေ့သို့ ရွေ့လျားသော ဆိုင်ကလုန်းတစ်ခုဖြစ်သည်။ ယင်း၏ ပုံမှန်မဟုတ်သော လမ်းကြောင်းသည် အားနည်းသော ဦးတည်လေစီးကြောင်းများ၊ အနီးအနားရှိ လေဖိအားစနစ်များ၏ သက်ရောက်မှုနှင့် မြေပြင်အနေအထားတို့ကြောင့် ဖြစ်နိုင်ပါသည်။ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များနှင့်အတူ ဤကဲ့သို့သော ရှားပါးသည့် မုန်တိုင်းများ ပိုမိုဖြစ်ပေါ်လာနိုင်ခြေရှိသည်ဟု ယူဆရပါသည်

❖ ဒေသခံများအနေဖြင့် မုန်တိုင်းသတိပေးချက်များကို ဂရုတစိုက်နားထောင်ပြီး လိုအပ်သော ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားရန် အရေးကြီးပါသည်။ ဆိုင်ကလုန်းမုန်တိုင်း၏ လမ်းကြောင်းနှင့် ပြင်းအားကို နာရီအလိုက် စောင့်ကြည့်သုံးသပ်ရန် လိုအပ်သည်။ ပြောင်းလဲလာသော ရာသီဥတုဖြစ်စဉ်များနှင့်အတူ အီကွေတာအနီးဒေသများတွင်လည်း ဆိုင်ကလုန်းစောင့်ကြည့်ရေးစနစ်များ ပိုမိုအားကောင်းလာစေရန် လိုအပ်

# မန်းရွှေစက်တော်ဘုရားပွဲတော်ကြီးကို ရက်ပေါင်း ၈၆ ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**မင်းဘူး ဒီဇင်ဘာ ၃**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် စတင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး ရက်ပေါင်း ၈၆ ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း မန်းရွှေစက်တော်ဘုရားပွဲတော် ကျင်းပရေးဦးစီးကော်မတီထံမှ သိရသည်။

မန်းရွှေစက်တော် ဘုရားပွဲတော်ကြီးကို အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် မန်းရွှေစက်တော်ဘုရား ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပြီးဖြစ်ကာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်ကြသူများ အဆင်ပြေစေရန် တည်းခိုဆောင်နှင့် ဈေးဆိုင်ခန်းများ ဆောက်လုပ်ပေးသွားမည်ဖြစ်ပြီး ရပ်ဝေး၊ ရပ်နီးမှ ဘုရားဖူးလာရောက်ကြမည့် ဘုရားဖူး ရဟန်းရှင်လူ မိဘပြည်သူများအား တည်းခိုဆောင်များ၌ ညအိပ်တည်းခိုနားနေခွင့်ပြုမည်ဖြစ်ကာ စိတ်အေးချမ်းသာစွာဖူးမြော်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မန်းရွှေ



စက်တော်ဘုရားပွဲတော် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က ပြောသည်။

မန်းရွှေစက်တော် ဘုရားပွဲတော် ကျင်းပပြုလုပ်နိုင်ရန် ယခုလက်ရှိ စက်ယန္တရားကြီးများဖြင့် မန်းချောင်းရေလမ်းကြောင်း ပြုပြင်ခြင်း၊ ပွဲတော်မြေနေရာ ပြုပြင်ရှင်းလင်းခြင်းနှင့် အောက်စက်တော်ရာ နဂါးအိုင်ပြုပြင်ခြင်း လုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီး မန်းချောင်းသောင်ပြင်ပြုပြင်ပြီးပါက တည်းခိုဆောင်နှင့် ဆိုင်ခန်းနေရာများ ဆောက်လုပ်နိုင်ရန် မြေနေရာသတ်မှတ်ခြင်းနှင့် ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မန်းရွှေစက်တော် ဘုရားကြီးရှိ အောက်စက်တော်ရာ (ခြေတော်ရာ)အား ဘုရားဖူးလာရောက်ကြသူများ အလွယ်တကူ အဆင်ပြေချောမွေ့စွာ သွားရောက်ဖူးမြော်နိုင်ရန်အတွက် ဘေလီသံပေါင် အထူးတံတားကို တပ်ဆင်ဆောက်လုပ်သွားမည်ဖြစ်ကြောင်း မန်းရွှေစက်တော်ဘုရား ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအေးကိုက ပြောသည်။

မန်းရွှေစက်တော်ဘုရား ပါဒစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို နှစ်စဉ် တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်နေ့အထိ ကျင်းပပြုလုပ်လေ့ရှိပြီး ဘုရားပွဲတော်ရက်ကာလမှာ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၂ ရက်မှ ဧပြီ ၁၇ ရက်အထိ မဟာသင်္ကြန် ရုံးပိတ်ရက် အပါအဝင် ရက်ပေါင်း ၈၆ ရက်ကြာ အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်(မင်းဘူး)**

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီကကြီးမှူးကျင်းပသည့် ရွေးကောက်ပွဲဆိုင်ရာ သတင်းရေးသားနည်း သင်တန်းဆင်း

**ရန်ကုန် ဒီဇင်ဘာ ၃**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ကြီးမှူးကျင်းပသည့် သတင်းမီဒီယာသင်တန်း အမှတ်စဉ်(၅) ရွေးကောက်ပွဲဆိုင်ရာ သတင်းရေးသားနည်း သင်တန်းဆင်းပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်) ရွှေဥဒေါင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ တင်ထွန်းဦးက သင်တန်းဆင်း အမှာစကားပြောကြားပြီး မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၂)၊ သတင်းမီဒီယာ ဖွံ့ဖြိုးရေးကော်မတီအဖွဲ့ ခေါင်းဆောင် ဦးခင်မောင်ကျော်ဒင်က သင်တန်းကာလ သင်ကြားရေးဆိုင်ရာများကို သုံးသပ်ဆွေးနွေး ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်



တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားသင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြသည်။

ယင်းနောက် သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲပေးခွင့်ဆုံးရှုံးမှုမရှိစေရေး မဲဆန္ဒရှင်အမည်စာရင်းများ ဒုတိယအကြိမ် ကပ်ထားကြေညာပေးခဲ့ပြီးဖြစ်ရာ မဲစာရင်းကျန်ရှိမှုများ မဖြစ်ပေါ်စေရေး တစ်အိမ်တက်ဆင်း တိုက်ဆိုင်စစ်ဆေးနိုင်ရေး သက်ဆိုင်ရာ ဌာနဆိုင်ရာ အသီးသီးပါဝင်သည့်အဖွဲ့များ ဖွဲ့စည်းပြီး နိုဝင်ဘာ ၂၈ ရက်မှစတင်၍ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းက ဆက်လက်ကောက်ယူ စစ်ဆေးဆောင်ရွက်လျက်ရှိစဉ်။
ခင်ဆွေနှင်း(ပြန်/ဆက်)

# မိတ္ထီလာမြို့၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် မဲပေးစက်များ တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်

**မိတ္ထီလာ ဒီဇင်ဘာ ၃**

မိတ္ထီလာမြို့၌ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် အသုံးပြုမည့်မဲပေးစက်များအား တပ်ဆင်ခြင်းလုပ်ငန်းကို အမှတ်(၁) အခြေခံပညာအထက်တန်း ကျောင်းခန်းမ၌ ဒီဇင်ဘာ ၁ ရက်က ဆောင်ရွက်လျက်ရှိရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် အဆိုပါကျောင်းခန်းမအတွင်း မဲပေးစက်များ တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် စက်ပစ္စည်းများ တပ်ဆင်ဆောင်ရွက်နေမှုကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၊ ခရိုင်ရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီ၊ MEVM မဲပေးစက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။ ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ ခရိုင်အတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင်အသုံးပြုမည့် မဲပေးစက်များနှင့် ဆက်စပ်ပစ္စည်းများ ရောက်ရှိထားရှိမှု အခြေအနေများကို တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



*စာမျက်နှာ ၁၂ မှ*

၂။ **အနီးအနားရှိ လေဖိအားစနစ်များ၏ သက်ရောက်မှု (Influence of Nearby Pressure Systems)**။ အနီးအနားရှိ လေဖိအားများ/အားနည်းရပ်ဝန်းများ၏ တည်နေရာသည် မုန်တိုင်းကို အရှေ့ဘက်သို့ တွန်းပို့နိုင်သည်။ ဥပမာအားဖြင့် "SENYAR" ဖြစ်ပေါ်ချိန်တွင် မုန်တိုင်း၏ မြောက်ဘက်တွင် လေဖိအားများရပ်ဝန်း (တိဗက်ပေါ်ရှိ လေဖိအားများရပ်ဝန်း)တစ်ခု အားကောင်းလျက်ရှိနေပေသည်။ မုန်တိုင်းသည် ထိုစနစ်၏ တောင်ဘက်အစွန်းရှိ အရှေ့မှ အနောက်သို့ ရွေ့လျားနေသော လေစီးကြောင်းအတိုင်း လိုက်ပါရွေ့လျားခြင်း ဖြစ်နိုင်သည်။

၃။ **မုန်တိုင်း၏အတွင်းပိုင်း စွမ်းအင်နှင့် ဖွဲ့စည်းတည်ဆောက်ပုံ (Internal Storm Dynamics and Structure)**။ ဆိုင်ကလုန်းမုန်တိုင်းတစ်ခု၏ ရွေ့လျားမှုသည် ယင်း၏ ကိုယ်ပိုင်လည်ပတ်မှု အင်အားစုများ (Vorticity)နှင့် အပူဗဟိုချက် (Warm Core)တို့၏ ပြန်လည်ဖြန့်ဖြူးမှုအပေါ်လည်း မူတည်သည်။ အီကွေတာအနီးတွင် ဤဖြစ်စဉ်များသည် ပုံမှန်မဟုတ်သော ရွေ့လျားမှုကို ဖြစ်ပေါ်စေနိုင်သည်။

၄။ **မြေပြင်အနေအထား (Topography)**။ မလေးရှားကျွန်းဆွယ်၊ ဆူမတြားကျွန်းတို့၏ မြေမျက်နှာသွင်ပြင် (တောင်တန်းများ) သည် လေစီးကြောင်းများကို ကွေးညွှတ်စေပြီး မုန်တိုင်းလမ်းကြောင်းကို အနည်းငယ်ပြောင်းလဲစေနိုင်သည်။ "SENYAR" သည် ဆူမတြားကျွန်းသို့ ကမ်းတက်ပြီးနောက် မလေးရှားရေလက်ကြားဘက်သို့ ပြန်လှည့်ခဲ့ခြင်းသည် ဤမြေပြင်အနေအထား၏ သက်ရောက်မှုကို ဖော်ပြနေသည်။

**ဆိုင်ကလုန်းမုန်တိုင်း၏ လမ်းကြောင်းနှင့် ပြင်းအားကို နာရီအလိုက် စောင့်ကြည့်သုံးသပ်ရန် လိုအပ်**

"SENYAR" ဆိုင်ကလုန်းမုန်တိုင်းသည် မလေးရှားနှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်လာသော ရှားပါးသည့် အနောက်မှအရှေ့သို့ ရွေ့လျားသော ဆိုင်ကလုန်းတစ်ခုဖြစ်သည်။ ယင်း၏ ပုံမှန်မဟုတ်သော လမ်းကြောင်းသည် အားနည်းသော ဦးတည်လေစီးကြောင်းများ၊ အနီးအနားရှိ လေဖိအားစနစ်များ၏ သက်ရောက်မှုနှင့် မြေပြင်အနေအထားတို့ကြောင့် ဖြစ်နိုင်ပါသည်။ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များနှင့်အတူ ဤကဲ့သို့သော ရှားပါးသည့်မုန်တိုင်းများ ပိုမိုဖြစ်ပေါ်လာနိုင်ခြေရှိသည်ဟု ယူဆရပါသည်။

ထို့ကြောင့် ဒေသခံများအနေဖြင့် မုန်တိုင်း သတိပေးချက်များကို ဂရုတစိုက်နားထောင်ပြီး လိုအပ်သော ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားရန် အရေးကြီးပါသည်။ ဆိုင်ကလုန်းမုန်တိုင်း၏ လမ်းကြောင်းနှင့် ပြင်းအားကို နာရီအလိုက် စောင့်ကြည့်သုံးသပ်ရန် လိုအပ်သည်။ ပြောင်းလဲလာသော ရာသီဥတုဖြစ်စဉ်များနှင့်အတူ အီကွေတာ အနီးဒေသများတွင်လည်း ဆိုင်ကလုန်းစောင့်ကြည့်ရေးစနစ်များ ပိုမိုအားကောင်းလာစေရန် လိုအပ်နေကြောင်း တင်ပြအပ်ပါသည်။

**ဒေတာအရင်းအမြစ်–**

**International Best Track Archive for Climate Stewardship (IBTrACS) project. (2023). ibtracs.ACTIVE.list.v04r01.csv [Data set]. NOAA National Centers for Environmental Information. https://www.ncei.noaa.gov/products/international-best-track-archive**

**ဒေတာအသုံးပြုမှု ကိုးကားချက်–**

**Knapp, K. R., Kruk, M. C., Levinson, D.H., Diamond, H. J., & Neumann, C. J.(2010). The International Best Track Archive for Climate Stewardship(IBTrACS). Bulletin of the American Meteorological Society, 91(3), 363–376. https://doi.org/10.1175/2009 BAMS2755.1**

# အာရှနိုင်ငံများ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သေဆုံးသူ ၁၃၀၀ ကျော်ရှိလာပြီး ပျောက်ဆုံးသူ ၉၀၀ ကျော်ရှိ

**ဂျကာတာ ဒီဇင်ဘာ ၃**

အင်ဒိုနီးရှား၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့၌ မိုးအဆက်မပြတ်ရွာသွန်းမှု၊ ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် သေဆုံးသူ ၁၃၇၉ ဦးအထိရှိလာကြောင်း၊ ကယ်ဆယ်ရေးလုပ်သားများသည် ဒီဇင်ဘာ ၂ ရက်က ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်ခဲ့ကြကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်းဆူမားတြားကျွန်း၌ သေဆုံးသူ ၇၄၄ ဦးရှိပြီး ပျောက်ဆုံးသူ ၅၅၁ ဦးရှိသည်ဟု သိရသည်။ မြောက်ဆူမားတြားခရိုင်တွင် ရေကြီးမှုကြောင့် လူပေါင်း ၅၀၀၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ ခိုလှုံနေရာများတွင် နေထိုင်နေကြရသူများသည် ၎င်းတို့၏ အိမ်သို့ အချိန်မရွေးပြန်နိုင်ရန် မဖြစ်နိုင်သကဲ့သို့ ကလေးများ၏ ကျန်းမာရေးအခြေအနေအတွက်လည်း စိုးရိမ်နေကြရသည်။

အင်ဒိုနီးရှား သဘာဝဘေးစီမံခန့်ခွဲမှုအေဂျင်စီက ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများလုပ်ဆောင်လျက်ရှိသော်လည်း ရေဘေးသင့်ဒေသများတွင် လမ်းများပြတ်တောက်နေသည့်အတွက် ကယ်ဆယ်ရေးလုပ်ငန်းများမှာ အခက်အခဲများနှင့် ရင်ဆိုင်နေရသည်။ အခြေခံအဆောက်အအုံများ ပြန်လည်ထူထောင်ရေးသည် အဓိကစိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။

သီရိလင်္ကာနိုင်ငံတွင် သဘာဝဘေးကြောင့် သေဆုံးသူ ၄၆၅ ဦးရှိပြီး ထိုင်းနိုင်ငံတွင် သေဆုံးသူ ၁၇၀ ရှိသည်။ အင်ဒိုနီးရှားနှင့် သီရိလင်္ကာနိုင်ငံတို့တွင် သဘာဝဘေးကြောင့်ပျောက်ဆုံးသူဦးရေ ၉၀၀ ကျော်ရှိသည်ဟု သိရသည်။ **အင်န်အိတ်ချ်ကေ**



အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်း၌ ရေကြီးမှုကြောင့် ထိခိုက်ပျက်စီးမှုများကို တွေ့ရစဉ်။

## ၂၀၁၄ ခုနှစ်က ပျောက်ဆုံးနေသည့် လေယာဉ်ရှာဖွေရေးလုပ်ငန်းများ ဒီဇင်ဘာလအတွင်း ပြန်လည်စတင်မည်ဟု မလေးရှားပြော

**ကွာလာလမ်ပူ ဒီဇင်ဘာ ၃**

မလေးရှား လေကြောင်းလိုင်း လေယာဉ် MH 370 ၏ ရှာဖွေရေးလုပ်ငန်းစဉ်များကို ဒီဇင်ဘာ ၃၀ ရက်တွင် ပြန်လည်စတင်မည်ဟု သယ်ယူပို့ဆောင်ရေး ဝန်ကြီးဌာနက ဒီဇင်ဘာ ၃ ရက်တွင် ပြောသည်။

ရှာဖွေရေး ကုမ္ပဏီအိုရှင်းအင်ဖန်နတီသည် ပင်လယ်ကြမ်းပြင် ရှာဖွေရေးလုပ်ငန်းများကို စုစုပေါင်း ၅၅ ရက်ကြာ လုပ်ဆောင်မည်ဟု ဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

၂၀၂၅ ခုနှစ် မတ်လ ၂၅ ရက်တွင် မလေးရှားအစိုးရနှင့် အိုရှင်းအင်ဖန်နတီကုမ္ပဏီတို့ကြား ချုပ်ဆိုခဲ့သည့် ဝန်ဆောင်မှုသဘောတူညီချက်အရ လေယာဉ်ရှာဖွေတွေ့ရှိနိုင်ခြေ အမြင့်ဆုံးနေရာဟု အကဲဖြတ်ထားသည့် ဧရိယာကို ပစ်မှတ်ထား ရှာဖွေမှုလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကြေညာချက်တွင် ပါဝင်သည်။

ရာသီဥတု ဆိုးရွားမှုကြောင့် ဧပြီလအတွင်းက ရှာဖွေမှုများကို ရပ်ဆိုင်းခဲ့ရသည်။ အိုရှင်းအင်ဖန်နတီကုမ္ပဏီသည် ၂၀၁၈ ခုနှစ်က ရှာဖွေမှုများ လုပ်ဆောင်ခဲ့သော်လည်း အောင်မြင်မှု မရရှိခဲ့ချေ။

MH 370 လေယာဉ်သည် ၂၀၁၄ ခုနှစ် မတ်လ ၈ ရက်က ကွာလာလမ်ပူမှ ပေကျင်းသို့ ပျံသန်းစဉ် လေယာဉ်ပေါ်ရှိ လူပေါင်း ၂၃၉ ဦးနှင့်အတူ ရေဒါမျက်နှာပြင်မှ ပျောက်ကွယ်သွားခဲ့သည့် ဝမ်းနည်းဖွယ်အဖြစ်အပျက်ဖြစ်သည်။ **ဆင်ဟွာ**

## လေထုအရည်အသွေးကျဆင်းမှုကြောင့် ပြည်သူများကို မလိုအပ်ဘဲ အပြင်မထွက်ရန် ဟန္နွိုင်းအာဏာပိုင်များ တိုက်တွန်း

**ဟန္နွိုင်း ဒီဇင်ဘာ ၃**

လေထုအရည်အသွေးကျဆင်းနေချိန်တွင် ဗီယက်နမ်မြို့တော် ဟန္နွိုင်းရှိ အာဏာပိုင်များက ဒေသခံပြည်သူများ အထူးသဖြင့် သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားနေသူများကို ပြင်ပလှုပ်ရှားဆောင်ရွက်မှုများမလိုအပ်ဘဲ လုပ်ဆောင်ခြင်းမပြုရန်နှင့် နှာခေါင်းစည်းတပ်ဆင်ရန် အကြံပြုတိုက်တွန်းထားကြောင်း နေ့စဉ်သတင်းစာ ဆက်ခ်ခိုးနှင့် ဒွိုင်ဆောင်တွင် ဒီဇင်ဘာ ၃ ရက်က ဖော်ပြခဲ့သည်။

မြို့တော်ကျန်းမာရေးကဏ္ဍက နံနက်ပိုင်းအချိန်နှင့် ညအချိန်များတွင် ပြင်ပထိတွေ့မှုများ မပြုလုပ်ကြရန် အကြံပေးထားကြောင်း သိရသည်။ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု ပိုဆိုးလာချိန်တွင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါခံစားနေရသူများကို လိုအပ်သော ဆေးဘက်ဆိုင်ရာကုသမှုများလုပ်ဆောင်နိုင်ရန် မြို့တော်အတွင်းပိုင်းဒေသများရှိ ဆေးရုံများကို အသင့်ပြင်ဆင်ထားသည်။

သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုများ ပိုဆိုးလာချိန်တွင် ကျောင်းသားများ၏ဘေးအန္တရာယ်ကင်းရေးကို အကောင်းဆုံးကာကွယ်မှုများလုပ်ဆောင်နိုင်ရန် စာသင်ကျောင်းများကို ညှိနှိုင်းဖွင့်လှစ်ရန် ဒေသအာဏာပိုင်များက တိုက်တွန်းထားသည်။

လူနေဒေသများ၊ ပန်းခြံများနှင့် အဓိကလမ်းမကြီးများကို ဖုန်နှင့် အမှုန်အမွှားများလျော့နည်းစေရန်နှင့် လေထုအရည်အသွေးကျဆင်းမှုကို တိုးတက်ကောင်းမွန်စေရန် မြူနှင်းတုများ ဖျန်းပက်ပေးမည်ဖြစ်သည်။ ဆင်ဟွာ

## ဂါဇာပြည်သူများ အီဂျစ်သို့ထွက်ခွာရန် ရာဖာဖြတ်သန်းရေးဂိတ်ကို လာမည့်ရက်များအတွင်း ဖွင့်လှစ်မည်ဟု အစ္စရေးပြော

**ဂျေရုစလင် ဒီဇင်ဘာ ၃**

အရပ်သားပြည်သူများကို ပျက်စီးနေသော နယ်မြေမှ ထွက်ခွာခွင့်ပေးရန် အီဂျစ်နှင့် ဂါဇာကြား အဓိကလမ်းကြောင်း တစ်ခုဖြစ်သည့် ရာဖာဖြတ်သန်းရေးဂိတ်ကို လာမည့်ရက်များအတွင်း ပြန်လည်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း အစ္စရေး၏ ဒီဇင်ဘာ ၃ ရက် ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။



ဒေသခံပြည်သူများ ဂါဇာကမ်းမြောင်ဒေသမှ အီဂျစ်သို့ သွားရောက်နိုင်ရန်အတွက် ဖြတ်သန်းရေးဂိတ်ကို မကြာမီ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ဂါဇာကမ်းမြောင်သို့ အကူအညီများ ဝင်ရောက်မှုကို ကြီးကြပ်ကွပ်ကဲသည့် နယ်မြေဒေသများရှိ အစိုးရလုပ်ငန်းများ ညှိနှိုင်းရေးမှူးရုံးက လူမှုမီဒီယာ အိတ်စ်ပေါ်တွင် ရေးသားဖော်ပြခဲ့သည်။

အစ္စရေးက ထွက်ခွာရန် ခွင့်ပြုလိုက်သည့် ဒေသခံပြည်သူများသည် ဥရောပသမဂ္ဂမစ်ရှင်၏ ကြီးကြပ်ကွပ်ကဲမှုနှင့်အတူ အီဂျစ်နှင့် ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်း ဆောင်ရွက်မှုများအရ ရာဖာဖြတ်ကျော်ရေး ဂိတ်မှတစ်ဆင့် ထွက်ခွာကြမည်ဖြစ်ကြောင်း အစိုးရလုပ်ငန်းများ ညှိနှိုင်းရေးမှူးရုံးက ဖော်ပြခဲ့သည်။

အဆိုပါ ဆောင်ရွက်မှုကို အပစ်ရပ်စဲရေးသဘောတူညီချက်နှင့် နိုင်ငံရေးဆိုင်ရာ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း အစိုးရလုပ်ငန်းများ ညှိနှိုင်းရေးမှူးရုံးက ဆက်လက်ဖော်ပြခဲ့သည်။ **ဆင်ဟွာ**

## လာအိုနိုင်ငံ၌ ကိုးလအတွင်း HIV ရောဂါ ထပ်မံဖြစ်ပွားသူပေါင်း ၁၆၁၇ ဦးရှိ

**ဗီယင်ကျန်း ဒီဇင်ဘာ ၃**

လာအိုနိုင်ငံ၌ ယခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ ကိုးလအတွင်း HIV ရောဂါ ထပ်မံဖြစ်ပွားသူပေါင်း ၁၆၁၇ ဦးရှိကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ HIV ရောဂါထပ်မံဖြစ်ပွားသူ ၅၃ ရာခိုင်နှုန်းမှာ အသက် ၁၅ နှစ်မှ ၂၉ နှစ်ကြားရှိ လူငယ်လူရွယ်များဖြစ်ကြောင်းလည်း အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လာအိုနိုင်ငံတွင် HIV ရောဂါဖြစ်ပွားသူ စုစုပေါင်း ၂၁၃၆၃ ဦးရှိပြီး လူပေါင်း ၁၄၃၁၄ ဦးမှာ ဆေးဝါးကုသမှုများ ခံယူလျက်ရှိကြောင်း ဒီဇင်ဘာ ၁ ရက်တွင် ကျရောက်သည့် ကမ္ဘာ့အေအိုင်ဒီအက်စ်နေ့၌ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သော အစီရင်ခံစာကို ဒေသတွင်းသတင်းဝက်ဘ်ဆိုက် Lao Phattana News ၌ ဒီဇင်ဘာ ၃ ရက်တွင် ဖော်ပြထားသည်။

ကြိုတင် ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ကြိုးပမ်းအားထုတ်မှုများ အားကောင်းလာစေရန်အတွက် ပြည်သူလူထုအား အသိပညာပေးလုပ်ငန်းများ မြှင့်တင်ရန်၊ ရပ်ရွာအခြေပြုလုပ်ငန်းများ စည်းရုံးလှုံ့ဆော်ရန် ကမ္ဘာ့ အေအိုင်ဒီအက်စ်နေ့၏ အရေးပါးမှုကို တာဝန်ရှိသူများက အလေးပေးပြောသည်။ လတ်တလောတွင် လာအိုနိုင်ငံ၌ စမ်းသပ်စစ်ဆေးရေးဌာန ၁၉၆ ခုရှိကြောင်းနှင့် နိုင်ငံတစ်ဝန်းတွင် ကုသရေးစင်တာများ များပြားလာကြောင်း သိရသည်။ **ဆင်ဟွာ**

## အာဖဂန်နစ္စတန်နိုင်ငံ၌ လူပေါင်း တစ်သန်းခွဲခန့် မသန်စွမ်းဖြစ်မှုများနှင့် နေထိုင်ကြရဟုဆို

**ကဘူးလ် ဒီဇင်ဘာ ၃**

အာဖဂန်နစ္စတန်နိုင်ငံ၌ လူပေါင်း ၁ ဒသမ ၅ သန်းခန့်မှာ မသန်စွမ်းဖြစ်မှုအခြေအနေများဖြင့် နေထိုင်ကြလျက်ရှိပြီး အများစုမှာ ဆယ်စုနှစ်များစွာဖြစ်ပွားသော ပဋိပက္ခများကြောင့်ဖြစ်ကြောင်း ကုလသမဂ္ဂ အာဖဂန်နစ္စတန် အကူအညီပေးရေး မစ်ရှင်(ယူအင်န်အေအမ်အေ) က ဒီဇင်ဘာ ၃ ရက်တွင် ပြောသည်။

အာဖဂန်နစ္စတန်နိုင်ငံသည် ကမ္ဘာ့မြေမြှုပ်မိုင်း အများဆုံးရှိသည့် နိုင်ငံများထဲမှတစ်နိုင်ငံဖြစ်ပြီး ဆယ်စုနှစ်လေးစုကျော်ကြာ ဖြစ်ပွားသော ပဋိပက္ခများမှ မပေါက်ကွဲသေးသော စစ်လက်နက်ပစ္စည်းများနှင့် မြေမြှုပ်မိုင်းများကြောင့် နေ့စဉ်နှင့်အမျှ အသက်ပေါင်းများစွာ ဆုံးရှုံးမှုနှင့် ပြင်းထန်ထိခိုက်ဒဏ်ရာရရှိမှုများကို ဖြစ်ပေါ်စေသည်။

လွန်ခဲ့သည့်သီတင်းနှစ်ပတ်အတွင်းမှာပင် သီးခြားပေါက်ကွဲမှုများကြောင့် နိုင်ငံတောင်ပိုင်း ကန်ဒါဟာနှင့် ဥရုဇ်ဂန်ပြည်နယ်အပြင် နိုင်ငံမြောက်ပိုင်း ဘက်ခ်ပြည်နယ်တို့တွင် ကလေးငယ်များအပါအဝင် ခုနစ်ဦးသေဆုံးပြီး ကိုးဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။ **ဆင်ဟွာ**

# ကယားပြည်နယ်ဝန်ကြီးချုပ် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနား တက်ရောက်

**လွိုင်ကော် ဒီဇင်ဘာ ၃**

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုဝန်ထမ်းဦးစီးဌာန ဝန်ထမ်းများနှင့် မသန်စွမ်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများတွင် ဆုရရှိကြသည့် ပိုလီယို လုံတံပစ်၊ လက်တစ်ဖက်မသန်စွမ်း သံလုံးပစ်၊ ဒူးအောက် မသန်စွမ်း သံလုံးပစ်၊ လုံတံပစ်ပြိုင်ပွဲများတွင် ပထမဆုရရှိသည့် မသန်စွမ်းအားကစားသမားများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ချီးမြှင့်ငွေများကိုလည်းကောင်း၊ ပြည်နယ်အတွင်း မသန်စွမ်းသူများအတွက် အနွေးထည်အကျီများကိုလည်းကောင်း ပေးအပ်ရာ ဆုရကစားသမားများနှင့် မသန်စွမ်းကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများက အားကစားပြိုင်ပွဲတွင် ဒုတိယဆုနှင့် တတိယဆုရရှိသည့် မသန်စွမ်းအားကစားသမားများကို ဆုများပေးအပ်ချီးမြှင့်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် Video Clip ပြသမှုနှင့် မသန်စွမ်းသူများက “ညီလေး” တေးသီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေး၍ ပြည်နယ်အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးက တေးသီချင်းဖြင့်ဖျော်ဖြေခဲ့သည့် မသန်စွမ်းအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် မသန်စွမ်းကစားသမားများကို အနွေးထည်အကျီများ လက်ရောက်ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့ လောဝမ္မရပ်ကွက်၊ ဒေါ်တမရပ်ကွက်၊ အောင်သီဟရပ်ကွက်နှင့် နမ့်ဘော်ဝမ်(ခ) ရပ်ကွက်များတွင် ဌာနဆိုင်ရာဝန်ထမ်းများက တစ်အိမ်တက်ဆင်း မဲစာရင်းများ တိုက်ဆိုင်စစ်ဆေးနေမှုကို လိုက်လံကြည့်ရှုသည်။ ကယားပြည်နယ်အတွင်း မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေး တစ်အိမ်တက်ဆင်း မဲစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းကို ဌာနဆိုင်ရာဝန်ထမ်းများ အစုအဖွဲ့ ၅၆ ဖွဲ့ဖြင့် စာရင်းကောက်ယူတိုက်ဆိုင်စစ်ဆေးခဲ့ရာ ယမန်နေ့အထိ ၅၂ ရာခိုင်နှုန်းကျော် ကောက်ယူတိုက်ဆိုင်စစ်ဆေးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ လွိုင်ကော်မြို့ ပြည်နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး ရှင်းလင်းဆောင်၌ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောက်လုပ်လျက်ရှိသည့် ၇၈ ပေx၅၇ ပေ လေးခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းများကို လျှင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကိုက်ညီအောင် တည်ဆောက်ရန်၊ သတ်မှတ်အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ကာလအမီပြီးစီးအောင် ဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးဝင်းအတွင်း လေးခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ဝန်ထမ်းအိမ်ရာများ စနစ်တကျနေရာချထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မွန်ပြည်နယ်ဝန်ကြီးချုပ် မော်လမြိုင်မြို့ မြစ်ကမ်းသာစီမံကိန်း တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုနှင့် ကမ်းနားလမ်း တိုးချဲ့အပန်းဖြေနေရာ ဖော်ထုတ်မည့်မြေနေရာ ကြည့်ရှုစစ်ဆေး

**မော်လမြိုင် ဒီဇင်ဘာ ၃**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယမန်နေ့ ညနေပိုင်းက မော်လမြိုင်မြို့ စစ်ကဲကုန်းရပ်ကွက်ရှိ ကမ်းနားလမ်း မြစ်ကမ်းသာအပန်းဖြေစီမံကိန်း တည်ဆောက်မည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ရှင်းလင်းဆောင်တွင် Myanmar Energy King (MEK) Co.,Ltd. Thiha Min Swe Construction Co.,Ltd. Golden Mawlamyine Co.,Ltd. ကုမ္ပဏီတို့က တာဝန်ယူဆောက်လုပ်သည့်အများပြည်သူ အနားယူအပန်းဖြေရန်အတွက် လျှောက်လမ်း Clay Tile ခင်းခြင်းလုပ်ငန်း၊ နားနေဆောင်ဘုံဆင့်အမိုး Frame လုပ်ငန်း၊ နားနေဆောင်ကြမ်းခင်းကွန်ကရစ်လောင်းခြင်းလုပ်ငန်း၊ Bridge (ပေါင်းကူးတံတား)လုပ်ငန်း၊ မွန်ရိုးရာ လခြမ်းတူရိယာ၊ ကားပါကင်ကွန်ကရစ်လောင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က မြို့ပြသွင်ပြင်လက္ခဏာပေါ်လွင်စေရေး၊ လုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေးနှင့် စံချိန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်ကြရန်မှာကြားပြီး လျှောက်လမ်းနေရာများ တည်ဆောက်ခြင်း၊ မြေယာရှုခင်း၊ ကလေးကစားကွင်း၊ နားနေခုံများ ဆောင်ရွက်ခြင်း၊ မြက်ခင်းပြင်နှင့် အရိပ်ရအပင်များ၊ ပန်းပင်များ စိုက်ပျိုးခြင်း၊ အလှမီးတိုင်များ ထွန်းညှိခြင်းများဖြင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မော်လမြိုင်မြို့ ကမ်းနားလမ်း ညဈေးတန်းတွင် ကမ်းနားလမ်းမြစ်ဘက်ခြမ်း အပန်းဖြေနားနေရန်နေရာ ဖော်ထုတ်မည့်မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က မော်လမြိုင်မြို့ ကမ်းနားလမ်းသည် မြန်မာနိုင်ငံတွင် အရှည်ဆုံးဖြစ်ပြီး ငါးမိုင်နီးပါးခန့်ရှည်လျားသဖြင့် ကမ်းနားလမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေး၊ အများပြည်သူများ စိတ်အပန်းဖြေလာရောက်သည့်နေရာဖြစ်ပြီး လေကောင်းလေသန့်ရရှိသဖြင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးအလေးထားဆောင်ရွက်ကြရန်နှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီစေရေး၊ ရေရှည်ကြံ့ခိုင်မှုရှိစေရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး အလေးထား ဆောင်ရွက်ရန်မှာကြားခဲ့ပြီး လုပ်ငန်းဆောင်ရွက်မည့်မြေနေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

❑ *ကျောဖုံးမှ*

ပထမပိုင်းတွင် တစ်ဂိုး-ဂိုးမရှိဖြင့်သာ ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် ထိုင်းအသင်းသည် ခြေစွမ်းအသာဖြင့် ဆက်လက်ဖိအားပေးကစားနိုင်ခဲ့ပြီး သွင်းဂိုးများ ဆက်တိုက်သွင်းယူနိုင်ခဲ့သည်။



ထိုင်းအသင်းသည် ၂၀၂၅ ထိုင်းဆီးဂိမ်း အမျိုးသား ယူ - ၂၂ ဘောလုံးပြိုင်ပွဲ အုပ်စု (က) တွင် တီမောလက်စ်တေ၊ စင်ကာပူအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။ ထိုင်းအသင်းသည် ဒီဇင်ဘာ ၁၁ ရက်တွင် စင်ကာပူအသင်းနှင့် ထပ်မံယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။

အခြားပွဲစဉ်အဖြစ် ဗီယက်နမ်နှင့် လာအိုပွဲစဉ်တွင် ဗီယက်နမ်အသင်းက အကြိတ်အနယ်ကစားပြီး လာအိုကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိကာ အဖွင့်မျက်နှာပန်းလှခဲ့သည်။ ဗီယက်နမ်အသင်းသည် ၂၀၂၅ ထိုင်းဆီးဂိမ်းအမျိုးသား ယူ - ၂၂ ဘောလုံးပြိုင်ပွဲ အုပ်စု (ခ) တွင် လာအို၊ မလေးရှားအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။ ဗီယက်နမ်အသင်းသည် လာမည့်ပွဲစဉ်အဖြစ် မလေးရှားအသင်းနှင့် ဒီဇင်ဘာ ၁၁ ရက်တွင် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

**ဇော်ဇော်**



ဆင်ပေါင်ဝဲမြို့နယ်၌ မဲရုံအဖြစ်ဆောင်ရွက်မည့်နေရာများအား မီးဘေးကြိုတင်ကာကွယ်ရေးအတွက် နိုဝင်ဘာ ၂၈ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်း ဦးဆောင်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်ရေးပစ္စည်းများ၊ မီးသတ်ဆေးဘူးများထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ဉာဏ်ရည်တုနည်းပညာနီးနှောဖလှယ်ပွဲ ဒုတိယနေ့ ဆက်လက်တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၃**

ဉာဏ်ရည်တုနည်းပညာနီးနှောဖလှယ်ပွဲ ဒုတိယနေ့ကို ယမန်နေ့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပိုင်ဆယ်မြို့ရှိ ပိုင်ဆယ်အစိုးရအရာရှိများ ကောလိပ်တွင် ဆက်လက်ကျင်းပရာ ဆန်းသစ်တီထွင်မှုနှင့် ဒစ်ဂျစ်တယ် အတတ်ပညာမြှင့်တင်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဆက်လက်တက်ရောက်သည်။

နံနက်ပိုင်း အထူးဟောပြောပွဲတွင် ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ အကြံပေးပညာရှင်နှင့် CPC ပါတီကော်မတီကထိကအဖွဲ့က အထူးခန့်အပ်ခံရသူ ပါမောက္ခလင်းရှုဟန်က “Smart စိုက်ပျိုးရေးကို ဖွံ့ဖြိုးတိုးတက်စေပြီး ကျေးလက်ဒေသ ပြန်လည်ထွန်းကားရေးကို အားဖြည့်ခြင်း– AI ကို စိုက်ပျိုးရေးနယ်ပယ်တွင် အသုံးချခြင်း” ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးရာတွင် ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကြီးကြပ်ရေးအတွက် တရုတ်နိုင်ငံတစ်ဝန်းရှိ ပြည်တွင်းပညာရှင်များကို ခိုင်မာစွာ စုစည်းအသုံးချနိုင်သည့် အားသာချက်ကို အပြည့်အဝ ဗဟိုပြုဆောင်ရွက်လျက်ရှိကြောင်း၊ သို့မှသာ နိုင်ငံ့ AI နည်းပညာသည် အကျိုးရှိဘေးကင်း၍ တရားမျှတမှုရှိရန်ဆိုသည့် ဦးတည်ချက်နှင့်အညီ စနစ်တကျ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံသည် AI+ စီမံကိန်းကို နက်ရှိုင်းစွာ အကောင်အထည်ဖော်လျက်ရှိပြီး AI စီးပွားရေးနှင့် AI လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ခြေလှမ်းသစ်ကို အပြည့်အဝ စတင်လျှောက်လှမ်းလျက်ရှိရာ ကွမ်ရှီးကျွမ့်ဒေသလည်း ပါဝင်ကြောင်း၊ AI ဖြင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် မျိုးစေ့သုတေသနသည် ဗီဇနှင့်မော်လီကျူးခေတ်တို့သို့ ရောက်ရှိလာပြီး မျိုးရိုးဗီဇအရင်းအမြစ်များကို ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်း AI ဖြင့် မျိုးစေ့ရွေးချယ်တီထွင်ခြင်း၊ Smart မျိုးဆက်ပွား ခတ်ခွဲခန်းများ တည်ထောင်ခြင်းတို့ပါဝင်ကြောင်း ရှင်းလင်းပြောကြားရာ မြန်မာကိုယ်စားလှယ်အဖွဲ့က ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် မေးမြန်းဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက အမှတ်တရ လက်ဆောင်ပေးအပ်သည်။



မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် China Railway Rolling Stock Cooperation limited–(CRRC) ရှိ အကြီးစားလေအားလျှပ်စစ်တာဘိုင်များထုတ်လုပ်သည့် စက်ရုံသို့ သွားရောက်လေ့လာရာ ကွမ်ရှီး CRRC ဗဟိုစက်ရုံ အုပ်ချုပ်ရေးမှူး Mr.Wang Tao က တည်ဆောက်ထုတ်လုပ်လျက်ရှိသည့် လေအားလျှပ်စစ်တာဘိုင်များ၊ လျှပ်ထုတ်စက်များ၊ လေအားလျှပ်စစ်ဒလက်များ၊ အဆင့်မြင့်ထိန်းချုပ်စနစ်များဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားပြီး ဒုတိယဝန်ကြီးက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ပိုင်ဆယ်မြို့၌ ဆင်းရဲနွမ်းပါးမှုပပျောက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ထားသည့် Shenhen ရပ်ကွက်သို့ ရောက်ရှိရာ တာဝန်ရှိသူများက အဆိုပါ ရပ်ကွက်နေ ရွှေ့ပြောင်းလာသည့် တိုင်းရင်းသားများ နေထိုင်မှုအဆင်ပြေစေရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ထားရှိသည့်အပြင် အနီးရှိစက်မှုဇုန်တွင်ပါ အလုပ်အကိုင်များ ရွေးချယ်ဆောင်ရွက်နိုင်အောင် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများကိုပါ စနစ်တကျ စီစဉ်ပေးထားပါကြောင်း ရှင်းလင်းပြောကြားရာ ဒုတိယဝန်ကြီးက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး အမှတ်တရ လက်ဆောင်ပေးအပ်သည်။

ညနေပိုင်း၌ Xing Cheng မြို့ Tian Yang ခရိုင် Tianzhou ရပ်ကွက်ရှိ ခရမ်းချဉ်သီး စိုက်ပျိုးထုတ်လုပ်ရေးခြံသို့ ရောက်ရှိရာ Xing Cheng ရွာ CPC ပါတီကော်မတီအတွင်းရေးမှူး Mr.Huang Feiyi နှင့် အဖွဲ့ဝင်များက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြပြီး လူကြိုက်များသည့် မျိုးအလိုက် ခရမ်းချဉ်သီးမျိုးစေ့များကို သုတေသနစင်တာများမှ မှာယူ၍ စိုက်ပျိုးခြင်းဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် ခရမ်းချဉ်သီး ရောင်းရငွေ တရုတ်ယွမ် သန်း ၈၀ ရှိပြီး တစ်နိုင်ငံလုံးတွင် ထွက်ရှိသည့် ခရမ်းချဉ်သီးများတွင် အကျော်ကြားဆုံးဖြစ်ပါကြောင်း ရှင်းလင်းပြောကြားရာ မြန်မာကိုယ်စားလှယ်အဖွဲ့က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ညပိုင်း၌ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် Tian Zhou မြို့ဟောင်းရှိ ကျွမ့်လူမျိုးတို့၏ တိုင်းရင်းသားယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို သွားရောက်လေ့လာခဲ့ရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင် တာချီလိတ်ခရိုင်အတွင်း လမ်း၊ တံတားကဏ္ဍ တိုးတက်ကောင်းမွန်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**တာချီလိတ် ဒီဇင်ဘာ ၃**

ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်နှင့်အဖွဲ့သည် ယမန်နေ့က ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင်အတွင်း လမ်း၊ တံတားကဏ္ဍ တိုးတက်ကောင်းမွန်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးနှင့် အဖွဲ့သည် ပြည်နယ်ရန်ပုံငွေဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ တာချီလိတ် (ဆန်ဆိုင်းမြို့ပတ်လမ်း) ၄/၆.၇၅ မိုင်အတွင်း မြေသားလမ်း တစ်မိုင်၊ Box Culvert နှစ်စင်း လုပ်ငန်းဆောင်ရွက်နေမှု၊ စည်ပင်သာယာရေး ဌာနမှ ဆောင်ရွက်လျက်ရှိသည့် ရွှေဝါနဒီပန်းခြံအား အများပြည်သူများ အပန်းဖြေအနားယူနိုင်မည့် ပန်းခြံအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှု၊ ထက်ကောင်းကင်ကုမ္ပဏီမှ မယ်ခေါင်ချောင်း



ရေထိန်းတံခါး တည်ဆောက်ခြင်း လုပ်ငန်းနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် တာချီလိတ် – ဝမ်ပုံလမ်း (၁/၀) မိုင်မှ ချစ်ကြည်ရေးတံတား (၂)အထိ တာချီလိတ်မြို့ရှောင် လမ်း ၄ မိုင်အတွင်း လမ်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် စီမံချက်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့သည်။

ထို့နောက် လမ်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် မိတ္ထီလာ–တောင်ကြီး–ကျိုင်းတုံ–တာချီလိတ် လမ်း (၄၆၃/၇)မိုင်အစမှ တာလေ–ပါလျှိုး–ကျိုင်းလပ် (၇/၄) မိုင်အဆုံးထိ တာလေ မြို့ရှောင်လမ်း (၈/၁.၅) မိုင်အတွင်း လမ်းခင်းကျင်းခြင်း ဆောင်ရွက်နေမှု၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နမ့်ခမ်း(၀)ကျေးရွာ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ရာနှုန်းပြည့် ပြီးစီးမှုနှင့် ရေရရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျိုင်းလပ်မြို့ မြန်မာ–လာအို ချစ်ကြည်ရေး တံတားအခြေအနေနှင့် BCF ၌ တာဝန်ကျဌာနဆိုင်ရာ ဝန်ထမ်းနှင့်တွေ့ဆုံကာ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ ကုန်စည်စီးဆင်းမှု ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များမေးမြန်းကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ကျော်ဇေယျာလင်း(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီအတွင်းရေးမှူး ဦးတိုးဝင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲပေးပိုင်ခွင့် အခွင့်အရေး ပြည့်ဝစွာရရှိစေရေး တစ်အိမ်တက်ဆင်း ကွင်းဆင်းစိစစ်နေမှု ကြည့်ရှုအားပေး

**ပျဉ်းမနား ဒီဇင်ဘာ ၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ရန်အောင်(၁) ရပ်ကွက်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် နိုင်ငံသားတိုင်း မဲပေးပိုင်ခွင့် အခွင့်အရေး ပြည့်ဝစွာရရှိစေရေး တစ်အိမ်တက်ဆင်း စနစ်ဖြင့် မဲဆန္ဒရှင်စာရင်းများ တိုက်ဆိုင်စစ်ဆေးမှုလုပ်ငန်း ကွင်းဆင်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီ အတွင်းရေးမှူး ဦးတိုးဝင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းစိုး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကြည့်ရှုအားပေးကြသည်။



ဦးစွာ နေပြည်တော်ကောင်စီ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများသည် ပျဉ်းမနားမြို့နယ် ရန်အောင်(၁) ရပ်ကွက်အတွင်း တစ်အိမ်တက်ဆင်း စနစ်ဖြင့် မဲစာရင်း တိုက်ဆိုင်စစ်ဆေးရေးအဖွဲ့၏ မဲဆန္ဒရှင်စာရင်းများ တိုက်ဆိုင်စစ်ဆေးနေမှုကို ကြည့်ရှုပြီး မဲစာရင်းတွင် ပါဝင်သင့်သူများ မကျန်ရှိစေရေး၊ မဲစာရင်းတွင် မပါဝင်သင့်သူများ မပါရှိစေရေးအတွက် စနစ်တကျ စိစစ်ဆောင်ရွက်ကြရန်လိုကြောင်းနှင့် လိုအပ်သည့် လျှောက်ထားမှုများနှင့် ပြင်ဆင်လိုမှုများကို ချက်ချင်း ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီ အတွင်းရေးမှူးသည် ဇေယျာသီရိခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောနိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိန်ကြည်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန် (၁) ရပ်ကွက်အတွင်း တစ်အိမ်တက်ဆင်းစနစ်ဖြင့် မဲစာရင်းတိုက်ဆိုင်စစ်ဆေးနေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၃**– ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထိုက်ထိုက်ဇော်နှင့် တာဝန်ရှိသူများ ဒီဇင်ဘာ ၂ ရက်က ကျောက်ဆည်မြို့နယ် ဟံမြင့်မိုရ်ကျေးရွာအုပ်စု ပုန်းညက်ကျေး ကျေးရွာအုပ်စု(ဈေးရွာကျေးရွာ)၊ သမန္တလင်းကျေးရွာအုပ်စုများသို့ ကွင်းဆင်း၍ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းများပြည့်စုံမှန်ကန်စေရေး တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။

**သက်မောင်(ကျောက်ဆည်)**

## ကလေးမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး



**နေပြည်တော် ဒီဇင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့မွန်းလွဲပိုင်းတွင် အနောက်မြောက်တိုင်း စစ်ဌာနချုပ်မှ တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်သူရနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုကြသည်။

**အားပေးစကားပြောကြား**

ဦးစွာ တိုင်းမှူးနှင့်တာဝန်ရှိသူများက ဆေးရုံတက် လူနာတစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့
## ကိုကိုးကျွန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းကျန်းမာရေးပညာပေးဟောပြော၊ ကျန်းမာရေးစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် အတွင်းရှိ ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်) သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ် ကိုကိုးကျွန်းမြို့သို့ ရောက်ရှိရာ နယ်မြေခံတပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။



မွန်းလွဲပိုင်းတွင် ကိုကိုးကျွန်းမြို့ အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများအား တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ သွားနှင့်ခံတွင်းပါရဂူက "သွားပိုးစားရောဂါ" အကြောင်းကို လည်းကောင်း၊ ကလေးရောဂါကု ပါရဂူက "တစ်သက်တာ ကျန်းမာရေး၊ တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့်ပတ်သက်ပြီး သိသင့်သိထိုက်သည်များ" ကိုလည်းကောင်း အဆိုပါကျောင်း၌ ဟောပြောဆွေးနွေးကြသည်။

ထို့နောက် တပ်မတော်ပင်လယ်သွားဆေးရုံ ရေယာဉ် (သံလွင်) မှ တာဝန်ရှိသူများက ကိုကိုးကျွန်းမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအတွက် သန်ချဆေးနှင့် အားဆေးများ၊ သွားတိုက်ဆေးများကို ပေးအပ်ကြပြီး တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ကျောင်းသား ကျောင်းသူ ၂၃၆ ဦးအား ကျန်းမာရေး စစ်ဆေးခြင်းများ ဆောင်ရွက်ပေးကြသည်။

ထိုသို့ ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးပေးခြင်းနှင့် ကျန်းမာရေး စစ်ဆေးပေးခြင်းများအပေါ် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည် -







၁။ အခုလိုမျိုး ကျွန်မတို့ ကျောင်းကိုဟောပြောပွဲလာရောက်ပြီးတော့လုပ်ဆောင်ပေးတဲ့အတွက် အများကြီးလည်း ဝမ်းသာဂုဏ်ယူမိပါတယ်။ ကျောင်းသား ကျောင်းသူတွေအတွက်ရော ဆရာ ဆရာမတွေအတွက်ပါ အသိပညာတွေ အများကြီး ရရှိပါတယ်။ ပြီးတော့ ကလေးတွေအတွက်လည်း သွားတိုက်တာနဲ့ ပတ်သက်ပြီးတော့ သွားကို စနစ်တကျ ဘယ်လိုမျိုး တိုက်ရမလဲဆိုတာကိုလည်း သိရှိသွားတယ်။ ပြီးတော့ အစာအုပ်စု သုံးစုနဲ့ ပတ်သက်ပြီးတော့လည်း ဘယ်လိုလေးတွေ နေထိုင်စားသောက်ရမလဲဆိုတာကို သိရှိသွားတာပေါ့။ အဲဒီအတွက် ကျေးဇူးလည်း တင်ပါတယ်။ အခုလိုမျိုး ကျွန်မတို့ဆီကိုလည်း နှစ်စဉ်နှစ်တိုင်းပဲ ဖြစ်ဖြစ် လာရောက်ပြီးတော့ အမြဲတမ်း ဟောပြောပေးရင်တော့ အများကြီး ကျေးဇူးတင်ဂုဏ်ယူမိမှာပါ။

၂။ ရှေ့က ဘဘကြီးတစ်ယောက် ပြောသွားတာတော့ သွားကို စနစ်တကျ တိုက်ရမယ်။ ပြီးတော့ တစ်ကိုယ်ရေ သန့်ရှင်းမှုလည်း ရှိရမယ်။ နောက်တစ်ယောက် ပြောသွားတာကတော့ ကျွန်တော်တို့အစာအုပ်စု သုံးစုလည်း ပါဝင်အောင်စားရမယ်။ အသားငါးအုပ်စုပါရမယ်၊ အသီးအရွက်အုပ်စုပါရမယ်။ ပြီးရင် ပဲမျိုးစုံလည်း စားရမယ်လို့ပြောပါတယ်။ ကျွန်တော်တို့ကျောင်းကို အခုလိုမျိုး လာဟောပြောပေးတဲ့အတွက် ကျေးဇူးလည်း တင်ပါတယ်၊ ဝမ်းလည်းသာရပါတယ်။ ကျွန်တော်တို့ ကျောင်းသူ ကျောင်းသားတွေနဲ့ ဆရာ ဆရာမတွေ အကုန်လုံးလည်း အသိပညာတွေ ရရှိလိုက်ပါတယ်။ နောင်လည်း ဒီလို အခွင့်အရေးမျိုးတွေရှိရင် လာလုပ်ပေးပါ၊ ကျောင်းအတွက်လည်း အကျိုးပြုတဲ့အတွက် ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။

**သတင်းစဉ်**

## တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့
## မော်လမြိုင်ကျွန်းမြို့နယ် ရွာသစ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၃**

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် မော်လမြိုင်ကျွန်းမြို့နယ် ရွာသစ်ကျေးရွာသို့ ရောက်ရှိရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ရွာသစ်ကျေးရွာ သီရိမင်္ဂလာ မိုးကုတ်ဓမ္မရိပ်သာကျောင်းတိုက်၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာ ဆေးကုသမှုဆိုင်ရာရောဂါ ၁၂၄ ဦး၊ ခွဲစိတ်ရောဂါ ၂၁ ဦး၊ သားဖွား/မီးယပ်ရောဂါ ၃၁ ဦး၊ ကလေးရောဂါ ၃၂ ဦး၊ အရိုးရောဂါ ၄၈ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၉ ဦး၊ မျက်စိရောဂါ ၄၅ ဦးနှင့် သွားနှင့် ခံတွင်းရောဂါ ၃၁ ဦး၊ စုစုပေါင်းဒေသခံပြည်သူ ၃၆၁ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ တစ်ဦး၊ သွားနုတ်/သွားဖာ ၁၆ ဦး၊ ခာတ်မှန်ရိုက်လူနာ ၁၂ ဦး၊ အာထရာဆောင်းစက်ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၂၂ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၂ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၃၆ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးကြသည်။



ထိုသို့ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိရပါသည် -







၁။ ဒေါ်ကျင်မုန်းပါ၊ လှိုင်းဘုန်းရွာက လာပြတာပါ။ အသက်က ၈၅ နှစ် ဖြစ်ပါတယ်။ ကျွန်မ မျက်စိရောဂါ လာပြတာပါ။ ရေတိမ်၊ အတွင်းတိမ်လာပြတာပါ။ ပြီးတော့ ခါးဆစ်တွေနာလို့ လာပြတာပါ။ မျက်စိကတော့ ၁၀ နှစ်၊ ၁၅ နှစ်လောက်ရှိပါပြီ၊ ခါးကတော့ သုံးလေးနှစ်လောက် ရှိပါပြီ။ ဒီမှာလာတာဆိုလို့ရှိရင် ဒီတစ်ခါနဲ့ဆို နှစ်ခါရှိပါပြီ၊ ဆေးသင်္ဘောလာတာ ကျေးဇူးတင်ပါတယ်။ လူတွေလည်း အများကြီး ကုသပေးပါတယ်။ အိမ်တိုင်ရာရောက် လာကုသပေးတော့ ပိုကောင်းတာပေါ့၊ မေတ္တာနဲ့ လာကုသပေးကြတာဆိုတော့ ပိုကောင်းတာပေါ့။ ကျေးဇူးအများကြီးလည်း တင်ပါတယ်။

၂။ ကျွန်မ နာမည်က ဒေါ်သက်သက်မွန် ဖြစ်ပါတယ်။ ကျွန်မကတော့ လိပ်ချောင်းကျေးရွာကနေ လာတာပါ။ ဒူးနာလို့ လာပြတာပါ၊ ထိုင်တာ ထတာမကောင်းဘူး၊ အဲဒီလို နာကျင်တဲ့ဒဏ်ကို ခံစားရလို့ လာပြတာ၊ ဒီဆေးကုသတဲ့အဖွဲ့တွေလာတော့ ပျော်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြဖူးတဲ့ လူတွေကလည်း ပြောတယ်၊ တော်တော်လေးကို ကောင်းတယ်တဲ့။ ဒူးနာတဲ့ အစ်မဆိုလည်း အဲဒီလိုပဲလေ လာပြတာကောင်းတယ်လို့ ပြောတယ်။ ပျောက်လည်း ပျောက်တယ်လို့ ပြောတယ်။ အဲတာကြောင့်မို့ လာပြဖြစ်တာ၊ ပိုပြီးတော့ တတ်ကျွမ်းတယ်လို့ထင်တယ်။ ပြီးတော့ ဆေးကုသတဲ့ နေရာမှာလည်း သဘောလည်းကောင်းတယ်။ အဲဒီအတွက်လည်း ကျေးဇူးတင်တယ်။ ပြီးတော့ ပြရတဲ့နေရာမှာလည်း အဆင်ပြေပါတယ်၊ တော်တော်လေးကို အဆင်ပြေတယ်။ လာပြီးတော့ ဆေးကုသပေးတဲ့အတွက် အလွန်ကျေးဇူးတင်တယ်။ နောက်လူတွေလည်း ကျွန်မတို့လိုပဲ ကျေးဇူးတင်မယ်၊ ပျော်ရွှင်မယ်လို့ ထင်ပါတယ်။ နောက်နေ့တွေလည်း လာပြမယ့်သူတွေ အများကြီး ရှိပါသေးတယ်။ **သတင်းစဉ်**







❍ *ကျောဖုံးမှ*

ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) အပိုင်း (၃) နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများဖြစ်သော နှစ်ထပ်အဆောက်အအုံ နှစ်လုံး၊ သုံးထပ်အဆောက်အအုံ တစ်လုံး၊ လေးထပ်အဆောက်အအုံနှစ်လုံး စုစုပေါင်းတရားမဝင်အဆောက်အအုံ ငါးလုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် အပိုင်း(၃) နယ်မြေအတွင်းရှိ အဆောက်အအုံ ၄၂၅ လုံးအနက် ယနေ့အထိ ၁၄၅ လုံး ဖြိုချဖျက်ဆီးခဲ့ကြောင်းနှင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံး အနက် ၂၉၃ လုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်မှုများလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများကို နိုဝင်ဘာ ၁၈ ရက်မှ စတင်စစ်ဆေးခဲ့ရာ ယနေ့အထိ အဆောက်အအုံ ၃၈၃ လုံးကို စစ်ဆေးနိုင်ခဲ့ပြီး ၎င်းတို့အနက် အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုလုပ်ငန်းများလုပ်ကိုင်ခဲ့သည့် အဆောက်အအုံ ၁၆၉ လုံးကို စစ်ဆေးတွေ့ရှိရကြောင်း၊ အဆိုပါအဆောက်အအုံများအား ပြန်လည်အသုံးချမှုမရှိစေရေးအတွက် ချိပ်ပိတ်သိမ်းဆည်းခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ တရားမဝင်အဆောက်အအုံ ၁၆၁ လုံးကို ချိပ်ပိတ်သိမ်းဆည်းခြင်းများ ဆောင်ရွက်ပြီးဖြစ်ကြောင်းနှင့် အဆိုပါတရားမဝင်အဆောက်အအုံများ အနက် ယနေ့တွင် ဟုံထု ၁၃ ထပ် အဆောက်အအုံတစ်လုံးကို စတင်၍ စနစ်တကျဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။


ရွှေကုက္ကိုလ်နယ်မြေအတွင်း စုစုပေါင်းဖော်ထုတ်ရှင်းလင်းမှုများအရ ယနေ့အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၉၅၄ ဦးနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာအလုံး ၃၃၁၀ ၊ မိုဘိုင်းဖုန်းအလုံး ၂၁၈၇၀၊ starlink ဗန်း ၁၀၂ လုံး၊ Router ၂၂ လုံးနှင့် လုပ်ငန်းသုံးပစ္စည်းအများအပြားကို စိစစ်တွေ့ရှိ ဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျဖျက်ဆီးရှင်းလင်းခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၉၃ ဦး၊ အီသီယိုးပီးယားနိုင်ငံသား ၅၆ ဦးနှင့် ပါကစ္စတန်နိုင်ငံသား ၁၁ ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၃၆၀ တို့ကို ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့်သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၉၄၅ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်း၊ ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၀၉၆၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၉၈၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်ကျေးရွာ စစ်ဆေးပြီးအဆောက်အအုံ အကွက်ချမြေပုံ။




KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ်လူနေအဆောက်အအုံကို တွေ့ရစဉ်။



KK Park နယ်မြေအတွင်း တရားမဝင်ပစ္စည်းများ မီးရှို့ဖျက်ဆီးမှုမှတ်တမ်းဓာတ်ပုံ။

## ဖောင်းပြင်မြို့၌ MEVM မဲပေးစက်ဆိုင်ရာ သင်တန်းပို့ချ

**ဖောင်းပြင် ဒီဇင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိရာ နည်းပညာအထောက်အကူပြုသင်တန်းကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ပြုလုပ်သည်။



သင်တန်းတွင် နည်းပညာအထောက်အကူပြုအဖွဲ့အား အီလက်ထရောနစ်မဲပေးစက် (MEVM) တပ်ဆင်နည်း၊ အသုံးပြုနည်း၊ ထိန်းသိမ်းနည်းတို့ကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဦးစီးအရာရှိ ဒေါ်စုလှိုင်သန်းက စာတွေ့လက်တွေ့ပို့ချပြီး ရွေးကောက်ပွဲ၌ တာဝန်ထမ်းဆောင်ကြမည့် နည်းပညာအထောက်အကူပြုအဖွဲ့မှ သင်တန်းသား ၄၅ ဦး တက်ရောက်သင်ယူခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

❖ *ကျောဖုံးမှ*

ဗီယက်နမ်၊ ဖိလစ်ပိုင်၊ မလေးရှားအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး ဒီဇင်ဘာ ၅ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် စတင်ကစားရမည်ဖြစ်ကာ ဆီမီးဖိုင်နယ်တက်ရောက်ရေး ယင်းပွဲမှာ အရေးပါလျက်ရှိသည်။

ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် အုပ်ချုပ်သူ- ဦးကြည်လွင်၊ နည်းပြချုပ် - ယုကီတက်ဆုရို (ဂျပန်)၊ လက်ထောက်နည်းပြ- ဒေါ်သက်သက်ဝင်း၊ ဒေါ်စန်းစန်းသိန်း၊ ဒေါ်သူဇာထွေး၊ ဂိုးနည်းပြ - ဦးစိန်အေး၊ အားကစားသမားများအဖြစ် ဂိုးသမား- မျိုးမြမြငြိမ်း (သစ္စာအားမာန်)၊ ဇူးလတ်နဒီ (အား/ကာသိပ္ပံ)၊ အိစန္ဒာဇော် (ရောဝတီ)၊ နောက်တန်း - ဇွန်ယုယဦး (ရောဝတီ)၊ ဖြူဖွေး (ရန်ကုန်ယူနိုက်တက်)၊ ယုယုနိုင် (ရန်ကုန်ယူနိုက်တက်)၊ လင်းလဲ့ဦး (အား/ကာသိပ္ပံ)၊ သန်းသန်းနွယ် (အား/ကာသိပ္ပံ)၊ နှင်းပွင့်အေး (အား/ကာသိပ္ပံ)၊ မေသက်မွန်မြင့် (သစ္စာအားမာန်)၊ အလယ်တန်း- လင်းမြင့်မိုရ် (အား/ကာသိပ္ပံ)၊ ဖြူဖြူဝင်း (ရောဝတီ)၊ နော်ထက်ထက်ဝေ (ရောဝတီ)၊ ခင်မိုမိုထွန်း (သစ္စာအားမာန်)၊ ဝင်းဝင်း (သစ္စာအားမာန်)၊ ရွှေရည်ထွန်း (အား/ကာသိပ္ပံ)၊ ခင်မာလာထွန်း (အား/ကာသိပ္ပံ)၊ ရှုပါခိုင် (ရှမ်းယူနိုက်တက်)၊ ယွန်းဝတီလှိုင် (ရန်ကုန်ယူနိုက်တက်)၊ ရှေ့တန်း-ဝင်းသီင်္ဂီထွန်း(ဆာဘား-မလေးရှား)၊ စန်းသော်သော် (ရောဝတီ)၊ မြတ်နိုးခင် (သစ္စာအားမာန်)၊ မေထက်လူ (SFVFC-အမေရိကန်) တို့ ပါဝင်ကြသည်။

**ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MFF**

## တပ်ကုန်းမြို့နယ်အတွင်း တစ်အိမ်တက်ဆင်း မဲစာရင်းစစ်ဆေးနေမှုနှင့် ဒေသဖွံ့ဖြိုးရေး ကြည့်ရှု

**နေပြည်တော် ဒီဇင်ဘာ ၃**

နေပြည်တော်ကောင်စီဝင်ဦးဇေယျာလင်းသည် ဥတ္တရခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော် မတီ(ခေတ္တ)ဥက္ကဋ္ဌ ဦးမင်းခိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၂ ရက်က ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံသားတိုင်း မဲပေးပိုင်ခွင့် အခွင့်အရေးပြည့်ဝစွာရရှိစေရေး ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်း မြို့နယ် ဌာနဆိုင်ရာများ ပါဝင်သည့် အဖွဲ့ ၅၅ ဖွဲ့ဖြင့် တစ်အိမ်တက်ဆင်း အိမ်တိုင်ရာရောက် မဲဆန္ဒရှင်စာရင်းများ တိုက်ဆိုင်စစ်ဆေးနိုင်ရေး မြေပြင်ကွင်းဆင်း စာရင်းကောက်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။



ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့်တာဝန်ရှိသူများက ဗိုလ်မင်းရောင်ရပ်ကွက် “လှ” ချည်မျှင်ထုတ်လုပ်ရေးစက်ရက်ကန်းစက်ရုံ၊ ဝါကြိတ်စက်နှင့် ဝါသိုလှောင်ရုံသို့ သွားရောက်ကြည့်ရှုသည်။ ထို့နောက် မြို့နယ် ဗုဒ္ဓသာသနာပြုဗိမာန် တည်ဆောက်ရေး နေရာသို့ ရောက်ရှိ၍ မြေသန့်စင်ဆောင်ရွက်ထားရှိမှု၊ အောင်ဇေယျာရပ်ကွက် အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းအားကစားကွင်း ဖောက်လုပ်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

## မဲစာရင်းကျန်ရှိမှုမရှိစေရေး မြေပြင်ကွင်းဆင်းစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းဆောင်ရွက်

**ပဲခူး ဒီဇင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးညီလန်းချိုသည် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့မှ တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၂ ရက်က ပဲခူးမြို့နယ်အတွင်း မဲစာရင်းကျန်ရှိမှုမရှိစေရေးနှင့် ရပ်ကွက်အတွင်း မြေပြင်ကွင်းဆင်း စာရင်းတိုက်ဆိုင်စစ်ဆေးခြင်း ဆောင်ရွက်နေမှုကို ကြည့်ရှုသည်။

ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့်အဖွဲ့သည် နန်းတော်ရာရပ်ကွက်၊ ဥဿာမြို့သစ်၊ (၇)ရပ်ကွက်နှင့် (၉)ရပ်ကွက်များသို့ သွားရောက်ပြီး မဲစာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် ရပ်ကွက်အတွင်းနေထိုင်သည့် အိမ်ထောင်စုအလိုက် မဲစာရင်း ပါ၊ မပါ မြေပြင်ကွင်းဆင်း စာရင်း



တိုက်ဆိုင်စစ်ဆေး ကောက်ယူနေမှု အခြေအနေများနှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း မဲစာရင်းပါရှိစေရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဝန်ထမ်းများ၊ ကော်မရှင် အဖွဲ့ခွဲမှဝန်ထမ်းများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက မဲစာရင်းပြုစုခြင်း၊ တိုက်ဆိုင်စစ်ဆေးခြင်းတို့ ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## လောင်းလုံးမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးမည့် တောင်သူများအား မျိုးစေ့ပေးအပ်

**လောင်းလုံး ဒီဇင်ဘာ ၃**

လောင်းလုံးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၌ ယနေ့နံနက်ပိုင်းက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ဆောင်းသီးနှံစိုက်ပျိုးမည့် အကျိုးဆောင် တောင်သူများအား မျိုးစေ့ပေးအပ်ပွဲကို ထားဝယ်မြို့ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြတ်ထိုက်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဟိန်းထက်ပိုင်က မျိုးစေ့ပေးအပ်ခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက်လောင်းလုံးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တောင်သူများအား မတ်ပဲ၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နေကြာမျိုးစေ့များကို ပေးအပ်သည်။ မျိုးစေ့ပေးအပ်ရာတွင် မြို့နယ်အတွင်းရှိ တောင်သူများအား ၂၀၂၅-၂၀၂၆ ခုနှစ်အတွက် မတ်ပဲ ၄၅ တင်း၊ အစေ့ထုတ်ပြောင်း ၇၅ ကီလို၊ မြေပဲ ခြောက်တင်း၊ နေကြာ ၃၀ ကီလိုတို့ကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သိန်းသိန်း(လောင်းလုံး)**

## မော်လမြိုင်ကျွန်းမြို့နယ်၌ ဆောင်းသီးနှံနေကြာ မျိုးစေ့ချစိုက်ပျိုးပွဲကျင်းပ



**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၃**

မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆင်းရွှေကြာ(၂) နေကြာမျိုးစေ့စိုက်ပျိုးပွဲကို ဝဲဒေါင့်ကျေးရွာအုပ်စု အကွက်အမှတ် (၁၁၆၈/ခ) ဦးပိုင်အမှတ် (၁၄/၇)၌ တောင်သူ ဦးမြင့်ဇော် လယ်မြေ၌ နိုဝင်ဘာ ၃၀ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းငွေနှင့်ဝန်ထမ်းများ၊ စိုက်ပျိုးထုတ်လုပ် တိုးတက်မြင့်မားရေးကော်မတီများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများ၊ ဝဲဒေါင့်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တောင်သူများက ဆောင်းသီးနှံ ဆင်းရွှေ ကြာ(၂)နေကြာအား စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ရဲကိုမောင်(ပြန်/ဆက်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**



## လယ်ဝေးမြို့၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် မဲပေးစက်များ တပ်ဆင်ခြင်းလုပ်ငန်းသင်တန်းဖွင့်

**နေပြည်တော် ဒီဇင်ဘာ ၃**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် အားကစားလေ့ကျင့်ရေးစခန်းအမှတ်(၂)တွင် ဒီဇင်ဘာ ၁ ရက်မှစတင်၍ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် မဲပေးစက်များကို တပ်ဆင်ခြင်းလုပ်ငန်းသင်တန်းဖွင့်လှစ်လျက်ရှိသည်။

အဆိုပါသင်တန်းသို့ လယ်ဝေးခရိုင်နှင့် ပျဉ်းမနားခရိုင်မှ နည်းပညာအထောက်အကူပြုအဖွဲ့ ၆၀ တက်ရောက်ပြီး မဲပေးစက်များ တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ရန် စက်ပစ္စည်းများ တပ်ဆင်ဆောင်ရွက်ရန် သင်တန်းဖွင့်လှစ်သင်ကြားနေမှုကို လယ်ဝေးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၊ ခရိုင်ရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီ၊ MEVM မဲပေးစက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇင်မင်းကိုနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူရနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ဖြူးမြို့နယ်၌ နိုင်ငံသားတိုင်းမဲပေးပိုင်ခွင့် အခွင့်အရေးပြည့်ဝစွာရရှိစေရေး အိမ်တိုင်ရာရောက် ကွင်းဆင်းစစ်ဆေး

**ဖြူး ဒီဇင်ဘာ ၃**

ဖြူးမြို့နယ်၌၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံသားတိုင်း မဲပေးပိုင်ခွင့်အခွင့်အရေး ပြည့်ဝစွာရရှိစေရေးအတွက် ယနေ့နံနက်ပိုင်းက ရပ်ကွက်၊ ကျေးရွာအုပ်စုများ၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးဝန်ထမ်းများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့၊ ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများသည် ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် တစ်အိမ်တက်ဆင်း မဲစာရင်းများ တိုက်ဆိုင်စစ်ဆေးကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



ရွှေဘိုမြို့၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများက ၂၀၂၅ ခုနှစ် ဒီဇင်ဘာ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးနိုင်ရန်အတွက် “ဒို့အတူတူမဲပေးကြမယ်”လက်ကမ်းစာစောင်ကို ဒီဇင်ဘာ ၂ ရက်က လူစည်ကားရာနေရာများ၌ ဖြန့်ဝေစဉ်။

ခရိုင်(ပြန်/ဆက်)

## ဇမ္ဗူသီရိမြို့နယ်၌ မဲပေးပိုင်ခွင့် အခွင့်အရေး ပြည့်ဝစွာရရှိစေရေး တစ်အိမ်တက်ဆင်း ကွင်းဆင်းစိစစ်နေမှု ကြည့်ရှုအားပေး



**နေပြည်တော် ဒီဇင်ဘာ ၃**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံသားတိုင်း မဲပေးပိုင်ခွင့် အခွင့်အရေး ပြည့်ဝစွာရရှိစေရေး နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၌ တစ်အိမ်တက်ဆင်း မဲဆန္ဒရှင်စာရင်းများ တိုက်ဆိုင်စစ်ဆေးမှု လုပ်ငန်း ကွင်းဆင်းဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၂ ရက်က နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုး၊ ပျဉ်းမနားခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ထွန်းလင်းဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက်အတွင်း တစ်အိမ်တက်ဆင်း မဲစာရင်းတိုက်ဆိုင်စစ်ဆေးရေး အဖွဲ့၏ မဲဆန္ဒရှင်စာရင်းများ တိုက်ဆိုင်စစ်ဆေးနေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**နီလာ(ပြန်/ဆက်)**



## မော်လမြိုင်မြို့နယ်၌ မဲစာရင်းပြည့်စုံမှန်ကန်ရေး အိမ်တိုင်ရာရောက် ကွင်းဆင်းစစ်ဆေး

**မော်လမြိုင် ဒီဇင်ဘာ ၃**

မော်လမြိုင်မြို့နယ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံသားတိုင်း မဲပေးပိုင်ခွင့် အခွင့်အရေး ပြည့်ဝစွာရရှိစေရေး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေး အဖွဲ့နှင့် တာဝန်ရှိသူများက ရပ်ကွက်၊ ကျေးရွာများအလိုက် တစ်အိမ်တက်ဆင်း တိုက်ဆိုင်စစ်ဆေး ဆောင်ရွက်လျက်ရှိရာ မော်လမြိုင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းဝေ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းနိုင်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

## နမ့်စန်မြို့နယ်၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

**နမ့်စန်(တ) ဒီဇင်ဘာ ၃**

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ဒီဇင်ဘာ ၂ ရက်က နမ့်စန်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း(နမ့်စန်)၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်နှင့် တာဝန်ရှိသူများက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

ဖွင့်ပွဲအခမ်းအနားကို အခြေခံပညာအထက်တန်းကျောင်း(နမ့်စန်) သရဖီခန်းမ၌ ကျင်းပရာ ပြည်နယ်သယံဇာတရေးရာဝန်ကြီးက အမှာစကားပြောကြားပြီး လွိုင်လင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မျိုးမျိုးသွယ်က စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ အခြေခံပညာအထက်တန်းကျောင်း(နမ့်စန်)မှ ကျောင်းသား ကျောင်းသူများက တိုင်းရင်းသားရိုးရာ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ပြီး ပြည်နယ်သယံဇာတရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်သယံဇာတရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ကာယပြိုင်ပွဲများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်းများကို ကြည့်ရှုအားပေးပြီး ပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

**သူရအောင်(နမ့်စန်)**



## တပ်ကုန်းမြို့နယ်၌ ၂၀၂၅-၂၀၂၆ မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိမှု ကွင်းဆင်းကြည့်ရှု

**နေပြည်တော် ဒီဇင်ဘာ ၃**

နေပြည်တော် တပ်ကုန်းမြို့နယ် အောင်မြေရိပ်သာကျေးရွာ အောင်မြေရာမင်း(လယ်/ထွေ) သမဝါယမအသင်းလီမိတက်မှ အသင်းသားတောင်သူ ဦးထွန်းလင်း၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မိုးစပါးစိုက်ဧက ၅ ဧကပေါ်ရှိ အောင်နိုင်တိုးမိုးစပါးများ ရိတ်သိမ်းနေမှုနှင့် ပန်းတိုင်အထွက်နှုန်းရရှိမှု ရှိ၊ မရှိကို တာဝန်ရှိသူများက ဒီဇင်ဘာ ၂ ရက်တွင် ကွင်းဆင်းကြည့်ရှုသည်။

ထိုသို့ ကြည့်ရှုရာတွင် နေပြည်တော်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်မြင့်၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက မိုးစပါးရိတ်သိမ်းနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

## ဘိုကလေးမြို့နယ်၌ ဆောင်ရွက်နေသည့် လမ်းတံတားများအား တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**ဘိုကလေး ဒီဇင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီးဘိုကလေး မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေ၊ ပြင်ထိန်းရန်ပုံငွေတို့ဖြင့် မြို့နယ်တွင်း၌ ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းတစ်လမ်း၊ ကျောက်ချောလမ်း တစ်လမ်း၊ ကွန်ကရစ်တံတားတစ်စင်း ဆောင်ရွက်သည့်လုပ်ငန်းများအား ယနေ့မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။



စစ်ဆေးဆောင်ရွက်ရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန(ရုံးချုပ်) အင်ဂျင်နီယာချုပ် ဦးကျော်ကျော်ထွေးနှင့် တာဝန်ရှိသူများက စစ်ဆေးဆောင်ရွက်ခြင်းဖြစ်ပြီး ဖျာပုံခရိုင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ဦးမိုးမြင့်နှင့်အဖွဲ့က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ဘိုကလေးမြို့နယ်အတွင်းမှ လမ်း၊ တံတား လုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ)ဦးကျော်နိုင်ဦးထံမှ သိရသည်။

**မိုးစက်(ဘိုကလေး)**

## ပြည်မြို့နယ်၌ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်

**ပြည် ဒီဇင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ မိခင်ကလေးဒေသန္တရကျန်းမာရေးဌာန တိုက်နယ်/ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများ၌ လစဉ်လဆန်း ၃ ရက်အတွင်း တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

ယနေ့တွင် အဆိုပါနေရာများ၌ ပြည်သူ့ကျန်းမာရေးဌာနမှ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက ပြည်မြို့နယ်အတွင်းရှိ ကိုယ်ဝန်ဆောင် ၂၁၆ ဦးနှင့် အသက် ငါးနှစ်အောက်ကလေးငယ် ၇၇၆ ဦးတို့အား ကာကွယ်ဆေးများထိုးနှံပေးခြင်းနှင့် မိခင်များအား ကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတများ မျှဝေပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ထို့အပြင် မိခင်ကလေးကျန်းမာရေးဌာနနှင့် ဒေသန္တရကျန်းမာရေးဌာနတို့၌ ငါးနှစ်အောက်ကလေးများအား တိုးချဲ့ကာကွယ်ဆေးထိုးနှံခြင်းကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

**ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူအားလုံးပါဝင်နိုင်ရေးအတွက် "ဒို့အတူတူမဲပေးကြမယ်" လက်ကမ်းစာစောင်ကို သနပ်ပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးဝန်ထမ်းများက ဒီဇင်ဘာ ၃ ရက်တွင် မြို့မဈေးအတွင်းနှင့် လူစည်ကားသည့် နေရာများတွင် ဖြန့်ဝေစဉ်။** မြို့နယ်(ပြန်/ဆက်)



## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊နည်းဥပဒေ ၂၀)
## သထုံမြို့နယ်တရားရုံးတော်၌
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ် ၈

၁။ ဒေါ်ကေသီအောင် နှင့် ၁။ ဒေါ်စန်းစန်းမြင့်
၂။ ဒေါ်ကေသွယ်အောင် ၂။ ဒေါ်သန်းသန်းဝင်း
**(တရားလိုများ)** **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အင်ကြင်းလမ်း၊ ကျန်စစ်သား အိမ်ရာ၊ ပထမထပ်၊ တိုက်အမှတ်(၇၉)၊ အခန်း(၁၀၂)ရပ်နေ အမှတ်(၁) တရားပြိုင် ဒေါ်စန်းစန်းမြင့်နှင့် အမှတ်(၂) တရားပြိုင် ဒေါ်သန်းသန်းဝင်း(ယခုနေရပ်လိပ်စာ မသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို ရေစ္စတြီမှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက် (၁၃၈၇ခုနှစ်၊ ပြာသိုလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလ ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ပန်းအိဖြူ)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**သထုံမြို့နယ်တရားရုံး**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကွင်း/အကွက် အမှတ်(RA-V/ကွက်ပြင်-၅)၊ သုခလမ်းသွယ်၊ အိမ်အမှတ်(၅/၈၉၇)၊ ဦးပိုင်အမှတ်(၁၉/၁၈)၊ မြေယာအမှတ်(၁၈)၊ မြေရီယာ(၀.၀၈၃)ဧကရှိသည့်မြေကွက်အား ပြင်ဦးလွင်ခရိုင် ဂရန်အမှုတွဲအမှတ်(၄၂၄/၂၀၁၈-၂၀၁၉)၊ ဂရန်စာချုပ်အမှတ်(၄၂၈/ ၂၀၁၈-၂၀၁၉)အရ ဒေါ်ခိုင်မာဝင်း (ဘ) ဦးကံရ (၉/ပသက(နိုင်)၀၃၂၇၄၁)အမည်ဖြင့်နှစ်(၃၀)ဂရန် အမည်ပေါက် ရရှိထားသော မြေကွက်ဖြစ်ကြောင်း၊ ယင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံ၊ ရေ၊ မီး၊ မီတာ၊ အဆောက်အအုံ နှင့်ပူးတွဲပါပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်ခိုင်မာဝင်းမှလက်ရှိထားပိုင်ဆိုင်ကြောင်း၊ ၎င်းမှ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ ပြောဆိုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အိမ်ခြံမြေအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း ပြောဆိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက် ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဒေါ်နော်ဆာဝါးထူး(LL.B)(D.I.L) စဉ် (၁၃၈၁၅)၊တရားလွှတ်တော်ရှေ့နေ**
**ယုဇနလမ်းနှင့်ပြည်သာယာလမ်းထောင့်၊ ရပ်ကွက်ကြီး(၈)၊ ပြင်ဦးလွင်မြို့၊**
**ဖုန်း - ၀၉-၄၀၂၅၁၀၈၁၈**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၆၀၃-ဘီ)၊ ရီယာ(၀ဒသမ၀၅၅)ဧကရှိ နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား အမည်ပေါက် ဒေါ်ခင်ဝင်းကြည် ၉/ပမန(နိုင်) ၀၅၈၈၅၂ မှ မြေငှားစာချုပ်၊ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၀၁၉/၂၀၂၅)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်ခင်မြတ်မွန် ၉/ရမသ(နိုင်) ၁၁၄၀၀၁နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့် ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မိမိပိုင်မြေနှင့်အိမ်အား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်ဆင့်လွှဲပြောင်းခြင်းအား လုံးဝခွင့်မပြုကြောင်းနှင့် ကန့်ကွက်ကြောင်း အတိအလင်းကြေညာခြင်း၊

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ လူနေရပ်ကွက်အမှတ်(၁)၊ အနော်မာ(၁၂)လမ်း၊ မြေကွက်အမှတ်(၅၁၅/ခ)၊ အကျယ်အဝန်း(၂၀x၆၀)ပေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြေစီမံခန့်ခွဲမှုဌာနတွင် ဦးဒွေး (၁၂/သကတ(နိုင်)၀၉၇၂၁၂)ဖြင့် အမည်ပေါက်ပြီး ၎င်းမြေကွက်နှင့် ယင်းမြေပေါ်ရှိနေအိမ်ကို မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းစန်းရီ(ဘ)ဦးစိုးတင် (၁၂/သကတ(နိုင်)၀၆၃၃၃၁)က အမွေဆက်ခံပိုင်ဆိုင်ခဲ့ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းစန်းရီ(ဘ)ဦးစိုးတင် (၁၂/သကတ(နိုင်)၀၆၃၃၃၁)ပိုင်ဆိုင်သော အဆိုပါ အိမ်၊ ခြံမြေအား ကျွန်ုပ်၏မိတ်ဆွေ သဘောတူညီမှုမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အခြားနည်းသုံးစွဲခြင်းများအား လုံးဝခွင့်မပြုကြောင်းနှင့် ပြုလုပ်ခြင်းအား ကန့်ကွက်ကြောင်း အတိအလင်း ကြော်ငြာပါသည်။ အိမ်ပိုင်ရှင်ဖြစ်သူ ဒေါ်စန်းစန်းရီမသိရှိဘဲ ထိုအိမ်ခြံမြေအား ခင်ပွန်းဖြစ်သူအပါအဝင် အခြားသူတစ်ဦး တစ်ယောက်မှ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ အခြားနည်းသုံးစွဲခြင်းများ ပြုလုပ်ပါက ဒေါ်စန်းစန်းရီမှ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ဘဲ ပြုလုပ်သူများ အား တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းရီ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဂျူလိုင်မိုး (LLB, D.B.L, W.I.P.O Switzerland)၊**
**အထက်တန်းရှေ့နေ (စဉ်-၅၂၀၇၃)**
**အမှတ်(၇၉၅/ခ)၊ လေးကျွန်းဇမ္ဗူလမ်း၊ (၅၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၄၅၆၁၃၃၄၄၆၊ ၀၉-၇၇၅၀၀၈၃၆၅**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ဖျာပုံခရိုင်တရားရုံးတော်
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၇

ဒေါ်ဖြူဖြူလွင် နှင့် (၁) ဦးအေးလွင်
(၂) ဒေါ်တင်တင်လှ
**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ အလယ်ချောင်းကျေးရွာအုပ်စု၊ ငှက်ပျောစုကျေးရွာနေ ဦးအေးလွင် (ဘ)ဦးအောင်သန်း နှင့် ဒေါ်တင်တင်လှ (ဘ) ဦးတက်ခေတ်(ခ)ဦးတက်ခင် (အတူနေလင်မယား) (ယခုနေရပ်လိပ်စာ မသိသူများ) သိစေရမည်။

သင့်တို့အပေါ်၌ တရားလို ဒေါ်ဖြူဖြူလွင် (ဘ)ဦးကောက်က ဆန်ကွဲနှင့် ဖွဲကုန်ဖိုးငွေ (၁၂၇၀၉၉၁၂၀)ကျပ် ကျပ်သိန်းတစ်ထောင့်နှစ်ရာ ခုနှစ်ဆယ့်ကိုးသောင်း ကိုးထောင်တစ်ရာနှစ်ဆယ်တိတိ) ပြန်လည်ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၂၂)ရက် (၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော်ခိုင်ဦး)**
**ခရိုင်တရားသူကြီး**
**ဖျာပုံခရိုင်တရားရုံး**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကွင်း/အကွက် အမှတ်(RA-V/ကွက်ပြင်-၅)၊ သုခလမ်းသွယ်၊အိမ်အမှတ် (၅/၈၉၇)၊ ဦးပိုင်အမှတ်(၁၉/၁၉)၊ မြေယာအမှတ်(၁၉)၊ မြေရီယာ(၀.၀၈၃)ဧက ရှိသည့် မြေကွက်အား ပြင်ဦးလွင်ခရိုင်ဂရန်အမှုတွဲအမှတ်(၂၄၀/၁၉၉၉-၂၀၀၀)၊ ဂရန်စာချုပ်အမှတ်(၂၅၄/၁၉၉၉-၂၀၀၀)အရ ဦးတင်မောင်ဌေး (ဘ) ဦးချစ်တင် (၉/မမန(နိုင်) ၀၁၄၉၆၈)အမည်ဖြင့်နှစ်(၃၀)ဂရန် အမည်ပေါက် ရရှိထားသော မြေကွက်ဖြစ်ကြောင်း၊ ယင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံ၊ ရေ၊ မီး၊ မီတာ၊ အဆောက်အအုံနှင့်ပူးတွဲပါပစ္စည်းများ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးတင်မောင်ဌေးမှ လက်ရှိထားပိုင်ဆိုင်ကြောင်း၊ ၎င်းမှတရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ ပြောဆိုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အိမ်ခြံမြေအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း ပြောဆိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက် အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဒေါ်နော်ဆာဝါးထူး(LL.B)(D.I.L) စဉ် (၁၃၈၁၅)၊ တရားလွှတ်တော်ရှေ့နေ**
**ယုဇနလမ်းနှင့်ပြည်သာယာလမ်းထောင့်၊ ရပ်ကွက်ကြီး(၈)၊ ပြင်ဦးလွင်မြို့၊**
**ဖုန်း - ၀၉-၄၀၂၅၁၀၈၁၈**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း ကြေညာခြင်း

ကျောက်မဲမြို့၊ ရပ်ကွက် (၂)၊ နယ်မြေ (၆)နေ မောင်ရဲမင်းအောင် (ဘ)ဦးလီကွမ်ဝူး(ခ)မောင်ဝင်း (၁၃/ကမန(နိုင်)၁၆၀၅၀၉)၏ ပတ်စ်ပို့နံပါတ် (MF ၃၇၅၂၆၉)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၀၂၂၇၂၁၀

## ပတ်စ်ပို့ပျောက်

မော်လမြိုင်မြို့၊ အထက်လမ်းမကြီး၊ စစ်ကဲကုန်းရပ်ကွက်နေ (ဘ) ဦးဝင်းမြင့်၏သမီး ဒေါ်နီနီဝင်း (၁၀/မလမ(နိုင်)၁၃၁၀၁၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၅၈၀၂၇၅၉

## ကန့်ကွက်နိုင်ပါကြောင်း

မိုးညှင်းမြို့၊ အရှေ့စုရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် ၁၁/ မိုးဒါးစု၊ ဦးပိုင်အမှတ်(၅၄က+၅၅ခ)၊ မြို့မြေ၊ မြေရီယာ(၀ဒသမ၁၂)ဧကရှိ မြေကွက်အား ဦးအောင်မင်းစိုး (ဘ) ဦးသိန်းငွေ ၁/မညန(နိုင်) ၀၈၀၇၄၇နှင့် သမီးဖြစ်သူ ဒေါ်ရတနာနေကြည်(ဘ)ဦးအောင်မင်းစိုး ၁/မညန(နိုင်) ၂၀၂၃၈၈ အမည်တို့ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်မင်းစိုး ၁/မညန(နိုင်) ၀၈၀၇၄၇**
**ဒေါ်ရတနာနေကြည် ၁/မညန(နိုင်) ၂၀၂၃၈၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/၄)၊ သုမနလမ်း၊ တိုက်အမှတ်(၅၆၁)၊ မြေပေအကျယ်(၄၀x၆၀)ပေရှိ မြေပေါ်တွင် ဆောက်လုပ်ထားသော Lift ပါ(၂)ခန်းတွဲ (၈)ထပ် RC အဆောက်အအုံမှ ရောင်းချသူ ဒေါ်မာမာဦး ၁၂/ဒဂန(နိုင်) ၀၃၃၇၄၆၊ ဒေါ်စုပြည့်ဖြိုးထွန်း ၇/ ပမန(နိုင်) ၁၉၁၆၂၈ တို့ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသည့် (ခေါင်းရင်းခန်း)၊ တတိယထပ်(၄-လွှာ/A)၊ အခန်းအကျယ်အဝန်း (၁၇x၅၄)ပေ၊ အမြင့်(၉ပေ ၆လက်မ)ရှိ တိုက်ခန်းသည် အရှုပ်အရှင်းကင်း၍ ရောင်းချသူများမှ မိမိတို့၏ သဘောဆန္ဒဖြင့် လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အထက်ပါ တိုက်ခန်းအားအပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့် LL.B,D.B.L,D.M.L,D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)**
**အမှတ်(၂၃၃/က+၂၃၄/က)၊မင်းရဲကျော်စွာ(၃)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း-၀၉-၄၃၀၆၆၁၆၄၊၀၉-၇၉၆၆၀၀၂၁၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၊ မြေကွက်အမှတ် ၁၁၀၇၊ မြေကွက်တည်နေရာအမှတ်-၁၁၀၇၊ ဝေဿလီလမ်း၊ (၂) ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (ဦးစိန်ဝင်း) (BGE-၀၅၀၃၂၈) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် (ဖခင်) ဦးစိန်ဝင်းသည် (၂၁-၆-၂၀၂၄)ရက်နှင့် (မိခင်) ဒေါ်စန်းဝင်းသည် ၂၇-၁၂-၂၀၂၄ ရက်တို့တွင် အသီးသီးကွယ်လွန်ခဲ့ကြသဖြင့် ၎င်းတို့၏သား၊ သမီးများဖြစ်ကြသော ဦးဖြိုးသက်ထွန်း (၁၂/ဗဟန(နိုင်)၀၈၆၅၆၁)၊ ဒေါ်မိမိခိုင် (၁၂/ဒဂရ(နိုင်)၀၁၄၃၅၈)တို့မှ အမည်ပေါက်၏သား၊ သမီးအရင်းများတော်စပ်ကြောင်း ၎င်းတို့မောင်နှမနှစ်ဦးမှလွဲ၍ အခြားသော မွေးချင်းကိတ္တိမမွေးစားသားသမီးများမရှိကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာများ၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်း၊ နှစ် (၆၀) ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် တစ်ထပ်အုတ်ညှပ် တစ်လုံးရှိပြီး လျှောက်ထားသူတစ်ဦးဖြစ်သူ ဦးဖြိုးသက်ထွန်းနေထိုင်ပြီး ကွင်းဆင်းသည်ကို သိရှိကြောင်း လက်မှတ်ရေးထိုးပါသည်။ သို့ဖြစ်ပါ၍ ဦးဖြိုးသက်ထွန်း၊ ဒေါ်မိမိခိုင်တို့မှ ပိုင်ဆိုင်မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၆)၊ မြေကွက်အမှတ်(၄၁)ဟုခေါ်တွင်သော မြေအလျားxအနံ (၄၀x၆၀)ပေရှိ မြေချပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးလက်သီးအောင် (၁၂/ရကန(နိုင်)၀၀၇၆၀၇) ထံမှ အရောင်းအဝယ် စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်း ချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးဇော်တိုးအောင် (၁၂/လသန(နိုင်)၀၂၂၄၂၁) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးသွင်နောင်စိုး (၆/ကသန(နိုင်)၀၃၁၈၆၄) က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော်(LL.B)** | **ဒေါ်ယမင်းထွေး(LL.B)** | **ဦးရဲသီဟ(LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)** |

**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ ရန်ကြီးအောင်(၂)လမ်း၊ မြေကွက်အမှတ်(၉၆၄)ဟုခေါ်တွင် သော မြေအလျားxအနံ (၄၀x၆၀)ပေရှိ မြေချပါမစ်မြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော ခေါင်းရင်းခြမ်း (မူရင်းခြမ်း) (၂၀x၆၀)ပေရှိ မြေကွက်နှင့်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်လှိုင်(J/RGN-၀၀၃၃၂၉) (၁၂/သကတ(နိုင်)၀၉၃၁၄၅)ထံမှ အရောင်းအဝယ် စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သန်းသန်းဝင်း (၁၀/မဒန(နိုင်)၁၁၈၃၆၅) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဇင်မေသန့် (၁၂/မရက(နိုင်)၁၅၅၄၈၉) က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော်(LL.B)** | **ဒေါ်ယမင်းထွေး(LL.B)** | **ဦးရဲသီဟ(LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)** |

**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည် (၁၀)လမ်း၊ အမှတ် (၄၀၃/က)၊ ဒေါ်ဆင့်ဆင့်ဌေး၊ ဒေါ်ဖြိုးဖြိုးဝေ၊ ဒေါ်တင်တင်စိန်၊ ဒေါ်အေးအေးမွန် အမည်ပေါက်ပိုင်ဆိုင်သော (ပေ ၂၀xပေ ၆၀)မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၆)ထပ်တိုက်၏ (၁၈ပေx၅၄ပေ) တိုက်ခန်းအကျယ်အဝန်းရှိ မြေညီထပ်တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား မိမိတစ်ဦးတည်း တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဒေါ်ခင်မြတ်ဝေ (၁၁/ဘသတ(နိုင်)၀၃၄၁၉၄)မှ ဝန်ခံ၍ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနေဒွန်းနှင့် ဒေါ်ကေခိုင်နွေးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေမေဇင် (LL.B (Law), D.I.L, D.I.P.L) အထက်တန်းရှေ့နေ (စဉ်-၅၀၂၄၅)**
**အမှတ် (၁၀၅၅)၊ ဣန္ဒြာ(၉)လမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၆၁၅၀၆၂၂၀**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး ၊ ကမာရွတ်မြို့နယ် ၊ (၁)ရပ်ကွက် ၊ အောင်ချမ်းသာ(၁)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၇၄)၊မြေကွက်အမှတ်(၁၂/၇)ပေါ် တွင်ဆောက်လုပ်ထားသည့် တိုက်အမှတ် (၁၂၀) ဟုခေါ် တွင်သော(၂)ခန်းတွဲ(၈ထပ်ခွဲ)တိုက်၏ အခန်းအမှတ် - (ဆဋ္ဌမထပ် )( ၇လွှာ/ခြေရင်းခန်း) အကျယ်အဝန်း (၁၇ပေ× ၆၀ပေ)ရှိ မီနီကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးထန်ရှန်းဆုမ်း (၄/တတန (နိုင်) ၀၄၆၂၁၀)ထံမှ ကျွန်ုပ်၏ မိတ်ဆွေကဝယ်ယူရန်အတွက်စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့တရားဝင်ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်သိမ့်သိမ့်ယမင်း LL.B,
အထက်တန်းရှေ့နေ (စဉ်-၄၀၈၉၄)
Ph-09254332312,09798721076

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၄၁၄၀၃ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4L/6661, Toyota BB, Hatch Back (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်လင်းဦး ၉/ပဥလ(နိုင်)၀၇၃၃၆၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/16038, Shayan-125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးသိန်း ၉/မရမ(နိုင်) ၀၂၄၉၇၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်နေ (ဦးဘရွှေ) ၁၂/မဂတ(နိုင်) ၀၇၁၉၁၂ နှင့် ဒေါ်သိဂီဝင်း ၁၂/မဂတ(နိုင်)၀၇၁၉၁၇ တို့၏သား မောင်မျိုးမင်းဟိန်း ၁၂/မဂတ(နိုင်) ၁၀၀၆၁၇သည် မိဘ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်၍ ငွေကြေးကိစ္စ၊ လူမှုရေး အရှုပ်အရှင်း ပြဿနာများနှင့် အခြားမည်သည့် ကိစ္စရပ်ကိုမျှ ယနေ့မှစ၍ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သိဂီဝင်း**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး**

**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၆၄**

ဦးကျော်စွာမြင့် **နှင့်** ဒေါ်ကြည်ကြည်ဝင်း
**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ၊ (၁၂၉)ရပ်ကွက်၊ မြမေတ္တာ(၁)လမ်း၊ အမှတ် (၂၁၂) နေ ဒေါ်ကြည်ကြည်ဝင်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလိုက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှုလျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ သင့်ကိုယ်စားရုံးတော်အခွင့်အမိန့်အရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်ဖြစ်စေ၊ ၎င်းရှေ့နေနှင့်ဖြစ်စေ ၊ ၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလ (၁၁)ရက် (၁၃၈၇-ခုနှစ်) နတ်တော်လဆုတ်၊ (၇)ရက် မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါနေ့တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူ ဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုပါလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ် ၊ နိုဝင်ဘာလ (၂၇)ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **(ဝေနှင်းသူ)**

**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့် -၅၊ နည်းဥပဒေ-၂၀)**

**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး**

**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၆၅**

၁။ ဦးရန်နိုင်အောင် **နှင့်** ဗိုလ်မှူးစိုးလွင်
၂။ ဦးမောင်စိန်
**(တရားလိုများ)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၄)ရပ်ကွက်၊ ဗိုလ်ပျို (၁)လမ်း၊ အမှတ် (၁၃၉၇) နေ ဗိုလ်မှူးစိုးလွင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်အပေါ်၌တရားလိုက "ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ သင့်ကိုယ်စားရုံးတော်အခွင့်အမိန့်အရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကိုချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်ဖြစ်စေ၊ ၎င်းရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလ (၁၁)ရက် (၁၃၈၇-ခုနှစ်) နတ်တော်လဆုတ် (၇)ရက် မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါနေ့တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်၏ ကိုယ်စားလှယ်ရှေ့နေ လက်တွင်ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုပါလျှင် အမှုမဆိုင်မီ (၄)ရက်ကတင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ (၂၇)ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **(ဝေနှင်းသူ)**

**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

